# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လူကောင်းလူတော်ရွေးချယ်လို့ ဆန္ဒမဲပေးကြပါစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၀)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်း ခညောင်းပြီး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ဤနေ့သည် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်ကျရောက်ခဲ့စဉ်က အင်္ဂလိပ်တို့၏ ကိုလိုနီကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံးက စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ကိုလိုနီခေတ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့ကို ၎င်းတို့၏ လက်အောက်ခံအဖြစ် ကျွန်သက်ရှည်စေရန် ပညာရေးစနစ်ကို

**စာမျက်နှာ ၅ ကော်လံ ၁ ➤**

## သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည်။

ထိုသို့တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များအနက်မှ သုံးပုံတစ်ပုံလျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ **စာမျက်နှာ ၁၂ ကော်လံ ၁ ➲**




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်စဉ်။


**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း** စာ - ၃ သို့

**စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို** စာ - ၁၇ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်)

# စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်

မြန်မာနိုင်ငံတွင်တစ်မျိုးသားလုံးသက်ဆိုင်သောနေ့ထူးနေ့မြတ်များရှိသည်။ အဆိုပါနေ့ထူးနေ့မြတ်များတွင် အမျိုးသားအောင်ပွဲနေ့ပါဝင်သည်။ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံမှာ နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၆၆ ခုနှစ်တွင်ပညာရေးဌာနကိုဖွင့်လှစ်ပြီး ပညာသင်ကြားရေးလုပ်ငန်းများကိုစတင်ခဲ့သည်။ အင်္ဂလိပ်တို့ပေးသောကိုလိုနီပညာရေး၏ဦးတည်ချက်မှာ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်မဟုတ်ဘဲ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားတွင် အကျိုးပြု၊ အမှုထမ်းတတ်မည့် အင်္ဂလိပ်စာပေနှင့် အနောက်တိုင်းယဉ်ကျေးမှုတို့ကိုအထင်ကြီးသော ခေတ်ပညာတတ်လူတန်းစားတစ်ရပ်မွေးထုတ်ရန်ဖြစ်သည်။

အင်္ဂလိပ်တို့သည် ၁၈၇၈ ခုနှစ် ကာလကတ္တား တက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကိုဖွင့်၍ ကောလိပ်ပညာရေးကို သင်ကြားပေးခဲ့သည်။ ထိုစဉ်ကမြန်မာနိုင်ငံတွင် တက္ကသိုလ်ဟူ၍မရှိသေးချေ။ ၁၉၀၀ ပြည့်နှစ်မတိုင်မီကတည်းက မြန်မာနိုင်ငံတွင်တက္ကသိုလ်တစ်ခု သီးသီးခြားခြားရှိသင့်ပြီဟု မြန်မာတို့ကအကြံပေးခဲ့ကြသော်လည်း အင်္ဂလိပ်တို့ကဆောင်ရွက်ပေးခြင်းမရှိပေ။ ၁၉၂၀ ပြည့်နှစ်သို့ရောက်မှ အင်္ဂလိပ်တို့သည် တက္ကသိုလ်ဥပဒေကြမ်းကိုရေးဆွဲပြီး ဩဂုတ်လတွင်ကျင်းပသောဥပဒေပြုကောင်စီသို့ တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါဥပဒေကြမ်းအရဆိုသော် မြန်မာနိုင်ငံတွင်တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ ထိုတက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်းတစ်ကျောင်းသာရှိရမည်။ သင်ကြားလိုသူများသည်ကျောင်းအိပ်ကျောင်းစားများသာဖြစ်ရမည်။ သင်ကြားခွင့်ရရှိသူများသည် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေကြရမည်။ မြန်မာတို့အနေဖြင့် ဤဥပဒေကြမ်းအရ တည်ထောင်ပေးမည့်တက္ကသိုလ်ကိုအလိုမရှိကြပေ။ ထို့ကြောင့် ဤဥပဒေကြမ်းပေါ်ထွက်လာကတည်းက ဥပဒေပြုကောင်စီအတွင်း၌ မြန်မာအမတ်များက ကန့်ကွက်ခဲ့ကြသည်။ မြန်မာသတင်းစာများကလည်းကန့်ကွက်ရေးသားကြသည်။ မြို့ကြီးများတွင်လည်း လူထုအစည်းအဝေးပွဲကြီးများကျင်းပ၍ကန့်ကွက်ခဲ့ကြသည်။

ဤကဲ့သို့ ဥပဒေကောင်စီအတွင်းနှင့်အပြင်ကပါ ကန့်ကွက်နေသည့်ကြားမှ ဥပဒေပြုကောင်စီကြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် တက္ကသိုလ်အက်ဥပဒေအာဏာတည်လာခဲ့သည်။ ဒုတိယဘုရင်ခံကရက်ဒေါက်သည် ဥပဒေအရတက္ကသိုလ်၏အဓိပတိဖြစ်လာပြီး ဒီဇင်ဘာလ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်ကိုဖွင့်လှစ်ရန်ကြေညာခဲ့သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှ ကိုဘရှင်၊ ကိုဖိုးထွန်း၊ ကိုဘဦး စသောကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်တွင် ရွှေတိဂုံကုန်းတော်ပေါ်၌ လျှို့ဝှက်စွာစည်းဝေးတိုင်ပင်ကြပြီး သပိတ်မှောက်ရန်နှင့် ဒီဇင်ဘာလ ၄ ရက်တွင် တက္ကသိုလ်ကျောင်းသားများအစည်းအဝေးခေါ်ယူ၍ အကျိုးအကြောင်းတင်ပြရန်ဆုံးဖြတ်ခဲ့ကြသည်။

ရန်ကုန်ကောလိပ်နှင့်ယုဒသန်ကောလိပ်တို့မှ ကျောင်းသား ၆၀၀ ခန့်သည် ဒီဇင်ဘာလ ၄ ရက်တွင် ဗဟန်းရွှေကျင်ကျောင်းတိုက် ဦးအရိယကျောင်းသို့ရောက်ရှိလာကြပြီး သပိတ်မှောက်သည့်ကိစ္စကို ဆွေးနွေးခဲ့ကြသည်။ နောက်ဆုံး၌ ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်မည့် ဒီဇင်ဘာလ ၇ ရက်တွင် သပိတ်မှောက်ရန်ဆုံးဖြတ်လိုက်ကြသည်။ သပိတ်မှောက်မှုကိစ္စအရပ်ရပ်ဆောင်ရွက်သွားရန် ကောလိပ်နှစ်ခုစလုံးမှ ကိုယ်စားလှယ်များကိုရွေးချယ်ကြသည်။ အဖွဲ့ဝင် ၂၆ ဦးပါဝင်သော သပိတ်မှောက်ကော်မတီသည် ယူနီဗာစီတီကျောင်းသားများ သပိတ်မှောက်ကောင်စီဟူ၍အမည်တွင်လာခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်တွင် ကိုဘဦးအိမ်၌ သပိတ်မှောက်ကောင်စီအစည်းအဝေးပြုလုပ်နေစဉ် ကျောင်းသားများကို ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြောကြားလိမ့်မည်ဖြစ်ကြောင်းသတင်းရရှိခဲ့သည်။ ထို့ကြောင့် ဒီဇင်ဘာလ ၅ ရက်မှာပင် သပိတ်မှောက်ခဲ့ကြသည်။ ဤသို့ဖြင့်ပထမကျောင်းသားသပိတ်သည် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် စတင်ပေါ်ပေါက်လာခဲ့သည်။

ဝံသာနုလှုပ်ရှားမှုများကိုဦးဆောင်မှုပေးနေသော ဂျီစီဘီအေအဖွဲ့ကြီးသည် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ကျင်းပသော နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီး၌ အမျိုးသားနေ့သတ်မှတ်ရေးကို ဆွေးနွေးခဲ့ကြသည်။ သီပေါဘုရင်ပါတော်မူသောနေ့၊ ဆရာတော်ဦးဥတ္တမ အဖမ်းခံရသည့်နေ့နှင့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုစတင်သပိတ်မှောက်သည့်နေ့တို့မှ တစ်နေ့နေ့ကို ရွေးချယ်ရန်လျာထားညှိနှိုင်းခဲ့ကြသည်။ ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများကစတင်သပိတ်မှောက်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ်ရွေးချယ်သတ်မှတ်ခဲ့သည်။ ထိုနေ့ကိုနယ်ချဲ့အင်္ဂလိပ်အစိုးရအပေါ်အောင်ပွဲခံသောနေ့၊ အမျိုးသားအောင်ပွဲနေ့အဖြစ်သတ်မှတ်ပြီး အမျိုးသားနေ့အခမ်းအနားများကျင်းပခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ **"စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်"**ဟူ၍ဖြစ်သည်။ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အသိပညာ၊ အတတ်ပညာပြည့်စုံသောလူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရေး၊ အမျိုးသားပညာရေးကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များကိုအောင်မြင်စွာအကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၄၄

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် သာစည်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ မြန်မာ့သမိုင်းတွင် မြန်မာတစ်မျိုးသားလုံး မမေ့ပျောက်နိုင်သော ဂုဏ်ယူမြတ်နိုးဖွယ်ရာ အမျိုးသားအောင်ပွဲနေ့၏အရေးပါပုံနှင့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များအကြောင်းကို ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြောင်း သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်မြစန်းရီနှင့် တာဝန်ရှိသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်သည့် သာစည်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် လူကုန်ကူးမှုအသိပညာပေးနံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြောင်း သိရသည်။ (၄၁၃)

## MWD Education, Knowledge & Sports Channel

၁၄-၁၁-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၄-၁၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၀၃ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာအမှုထမ်းသူ၊ အကျိုးဆောင်သူများနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### သီရိပျံ့ချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာအောင်ကျော်မြတ် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ |

### ဇေယျကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ချုပ် | စိုးမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် | စိုးမြတ်ထွဋ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ် | ဝင်းမောင်သိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ချုပ် | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ချုပ် | အောင်သူစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ချုပ် | ထွန်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ချုပ် | ကျော်ကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးကိုကိုကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာထိန်လင်းဦး | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဦးဖြိုးဇော်စိုး | ဒုတိယဝန်ကြီး | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန |
| ၄။ | ဦးလွင်ဦး | အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အမျိုးသားလွှတ်တော်ရုံး |
| ၅။ | ဦးဖေအေး | (အလေးမ)အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | |
| ၆။ | ဦးဝင်းဇော် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ | |
| ၇။ | ဦးချမ်းအေး | PE(Structural)၊ ASEAN Chartered Professional Engineer(ACPE) Member၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၈။ | ဦးဇာလီချမ်း | PE(Structural)၊ PE(Geotechnical)၊ ASEAN Chartered Professional Engineer(ACPE) Member၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၉။ | ဦးဝိတ်(ခ) ဦးဝိဇ္ဇာ | ဥက္ကဋ္ဌ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း | |
| ၁၀။ | ဒေါက်တာနီနီ | နာယက၊ ရွှေသံလွင်ကုမ္ပဏီ | |

### အလင်္ကာကျော်စွာဘွဲ့

| | | |
|---|---|---|
| ၁။ | ရေနံ့သာဝင်းမောင် | တေးရေးပညာရှင် |
| ၂။ | စန္ဒရားတင်ဝင်းလှိုင် | ဂီတပညာရှင် |
| ၃။ | ရေနံ့သာစိုးလှိုင် | အဆိုပညာရှင် |
| ၄။ | ရွှေကူနန်းနွဲ့နွဲ့ | မဟာဂီတအဆိုပညာရှင် |
| ၅။ | အေဝမ်းမောင်တင်ယု | ဒါရိုက်တာ |
| ၆။ | အောင်လွင် | ဒါရိုက်တာ |

### သိပ္ပကျော်စွာဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းလှိုင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | |
| ၂။ | ဦးကျော် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | |
| ၃။ | ဦးမြဟန် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ | |
| ၄။ | ပါမောက္ခဒေါက်တာ သိန်းသိန်းမြင့် | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) (ကလေးကျန်းမာပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ပါမောက္ခဒေါက်တာရဲမြ | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) (သွေးရောဂါအထူးကုဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာဉာဏ်မြင့်ကျော် | ပါမောက္ခ (ရန်ကုန်နည်းပညာတက္ကသိုလ်) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇။ | ဦးသိန်းဇော် | ဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ၊ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ | |
| ၈။ | ဦးခင်မောင်ငွေး | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၉။ | ဒေါက်တာစုံဟန် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | |
| ၁၀။ | ဦးညွန့်မောင်စန်း | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလျှင်ကော်မတီ | |
| ၁၁။ | ဦးဝင်းတင့် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၂။ | ဦးကြည်စိုး | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၃။ | ဦးစောထွေးဇော် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလျှင်ကော်မတီ | |
| ၁၄။ | ဦးစန်းကြူ | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၅။ | ဒေါက်တာယုမောင် | ပညာရှင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | |
| ၁၆။ | ဦးငွေဦး | တွဲဖက်အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | |
| ၁၇။ | ဒေါ်မြမြဝင်း | တွဲဖက်အတွင်းရေးမှူး၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ၊ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ | |

## တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | မြင့်ဟိဏ်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | အောင်စည်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | အာကာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ဆန်းလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | မောင်မောင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | ဝေလင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမောင်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး | နေလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး | ရဲမွန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဇော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး | ငွေဇော်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | လွှမ်းမိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး | မျိုးမင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ဝင်းသူအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | အောင်မြင့်ခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | ပြည့်ဖြိုးလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | စိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | ဆန်းလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | နိုင်ဗိုလ်ဗိုလ်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူး | စစ်မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်မှူး | ထက်မြတ်သူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဗိုလ်မှူး | ရဲလင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဗိုလ်မှူး | မင်းမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဗိုလ်မှူး | မျိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဗိုလ်ကြီး | ချမ်းမြေ့ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဗိုလ်ကြီး | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီး | ထက်လွင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဗိုလ်ကြီး | နိုရယ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီး | ထက်ဘုန်းလျှံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီး | သက်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီး | ဇင်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဗိုလ် | အောင်ဇော်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ၈၅၇၆၆၄ | ဒုတိယအရာခံဗိုလ် ဇော်ထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | တ-၂၅၉၈၀ | ဒုတိယအရာခံဗိုလ် ချစ်ဦးမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | တ- ၂၆၃၆၁ | ဒုတိယအရာခံဗိုလ် တိုးတိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | တ- ၁၂၇၇၀၇ | ဒုတိယအရာခံဗိုလ် မောင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ၄၂၃၄၅ | တပ်ကြပ်ကြီး/ ၄၁ စိုးခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | တ- ၁၃၄၉၂၇ | တပ်ကြပ်ကြီး ဝင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | တ- ၃၆၈၃၀၁ | တပ်ကြပ်ကြီး အိုက်ကီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | တ- ၅၈၈၀၄၈ | တပ်ကြပ်ကြီး ဇော်ထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | တ-၂၅၆၅၂၆ | တပ်ကြပ် စိုးသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | တ- ၃၈၈၅၃၄ | တပ်ကြပ် ဝေယံမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | တ- ၄၉၆၂၀၃ | တပ်ကြပ် အောင်ဝင်းရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | တတ-၁၂၈၉၄၆ | တပ်ကြပ် မျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | တတ- ၁၃၅၂၉၇ | တပ်ကြပ် ရဲနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | တတ- ၁၃၅၄၈၁ | တပ်ကြပ် သိန်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | တ- ၄၅၈၉၃၄ | ဒုတိယတပ်ကြပ် မြင့်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | တ- ၄၇၇၁၀၃ | ဒုတိယတပ်ကြပ် မြင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |

စာမျက်နှာ ၄ သို့ ■

■ စာမျက်နှာ ၃ မှအဆက်

| | | | |
|---|---|---|---|
| ၅၁။ | တ- ၅၄၃၇၄၂ | ဒုတိယတပ်ကြပ် သန့်ဇင်ထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | တ- ၅၆၀၆၄၂ | ဒုတိယတပ်ကြပ် ခွန်အောင်သန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | တ- ၅၈၈၀၂၅ | ဒုတိယတပ်ကြပ် သူရအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ပစ-၁၂၄၀၉၆ | တပ်သား ချမ်းငြိမ်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ရဲမှူးကြီး ရန်နိုင်ထွန်း | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ယာယီဒုတိယရဲမှူးကြီး ကျော်သူ | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ယာယီဒုတိယရဲမှူးကြီး ထင်အောင်ဇင် | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲမှူး စောမင်းသိန်း | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲမှူး မြင့်ဇော် | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | လ ၂၉၄၁၇၀ | ရဲအုပ် ဟိန်းမင်းဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | လ ၂၇၆၇၁၇ | ရဲဒုတိယတပ်ကြပ် ရန်ကိုကိုသိန်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### ရဲဗလတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယရဲမှူးကြီး ဉာဏ်ဒီပ | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဦးအာကာ | ဒုတိယညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၃။ | ဦးဌေးဝင်း | ဒုတိယညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ | ရဲမှူးဝင်းနိုင်ဦး | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဦးစိုးသက်နောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၆။ | ဒုတိယရဲမှူး စိုင်းကျော်ထိုက်ဝင်း | | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | ဦးအောင်ရာဇာဖြိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈။ | ဦးရာဇာမင်းမြတ် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၉။ | ဦးကျော်မျိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဦးထွန်းအေး | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၁။ | ဦးအောင်အောင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်ကြီး မြင့်ဝင်း(ငြိမ်း) | | ရှမ်းပြည်နယ် |
| ၁၃။ | လ ၁၉၆၈၈၅ | ရဲအုပ် အောင်မျိုးထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၁၉၇၁၄၂ | ရဲအုပ် စိုးဝဏ္ဏ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၂၆၆၁၈၁ | ရဲအုပ် ဇော်ဂျီလေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | ၅၀၅၈၈၈ | အရာခံဗိုလ် ဝင်းအောင်(ငြိမ်း) | ရှမ်းပြည်နယ် |
| ၁၇။ | လ ၂၆၁၉၀၇ | ဒုတိယရဲအုပ် ကျော်မိုးဟန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၉၄၀၀၀ | ဒုတိယရဲအုပ် ရဲရင့်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | လ ၂၉၄၈၄၅ | ဒုတိယရဲအုပ် မင်းဇော်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | လ ၁၆၁၂၉၇ | ရဲအရာခံ အေးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | မ ၂၀၂၂၉ | လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင့်မင်းဇော် | မီးသတ်ဦးစီးဌာန |
| ၂၂။ | လ ၂၂၅၃၉၀ | ရဲတပ်ကြပ် ညီညီဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၄၄၇၅၅ | ရဲတပ်ကြပ် သန့်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | လ ၃၀၅၅၈၇ | ရဲတပ်ကြပ် ဇင်မင်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၅။ | မ ၂၄၈၇၅ | မီးသတ်တပ်ကြပ်ကြီး ဘိုဘို | မီးသတ်ဦးစီးဌာန |
| ၂၆။ | မ ၂၆၆၃၄ | မီးသတ်တပ်ကြပ်ကြီး ပြည့်စုံ | မီးသတ်ဦးစီးဌာန |
| ၂၇။ | လ ၂၆၈၇၅၂ | ရဲဒုတိယတပ်ကြပ် ဘိုဘိုထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | ၈၇၀၉၇၂ | ဒုတိယတပ်ကြပ် တင်ထွန်းအောင်(ငြိမ်း) | ရှမ်းပြည်နယ် |
| ၂၉။ | လ ၂၉၆၂၇၂ | ရဲဒုတိယတပ်ကြပ် မင်းရာဇာ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | လ ၂၉၆၄၂၂ | ရဲဒုတိယတပ်ကြပ် လွင်မျိုးဆက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၁။ | လ ၂၉၇၂၂၂ | ရဲဒုတိယတပ်ကြပ် ဇော်ဝဏ္ဏအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၃၀၁၇၂၄ | ရဲဒုတိယတပ်ကြပ် စိုင်းကျော်ခင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၃၀၁၈၀၃ | ရဲဒုတိယတပ်ကြပ် ထက်မြတ်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၃၀၂၆၃၄ | ရဲဒုတိယတပ်ကြပ် မြတ်နိုးမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၃၀၂၉၃၅ | ရဲဒုတိယတပ်ကြပ် အောင်ကိုပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၃၀၆၇၅၃ | ရဲဒုတိယတပ်ကြပ် နေမင်းခန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၃၀၆၈၃၂ | ရဲဒုတိယတပ်ကြပ် ကောင်းမင်းထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | မ ၃၂၂၅၇ | မီးသတ်တပ်ကြပ် ဟိုကျင်း | မီးသတ်ဦးစီးဌာန |
| ၃၉။ | မ ၃၂၆၅၄ | မီးသတ်တပ်ကြပ် ဇင်မိုးအောင် | မီးသတ်ဦးစီးဌာန |
| ၄၀။ | ဦးမြတ်မင်းထွန်း | အမှုတွဲထိန်း | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄၁။ | ဦးအောင်မျိုးမင်း | ရေကြောင်းပြ(ဒု) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၄၂။ | လ ၂၉၄၉၂၀ | ရဲတပ်သား ထက်ကိုအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၃။ | လ ၂၉၉၃၄၄ | ရဲတပ်သား သန်းမင်းဌေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၄။ | လ ၂၉၉၆၆၃ | ရဲတပ်သား တင်ထွန်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၅။ | လ ၃၀၂၁၀၇ | ရဲတပ်သား ချမ်းမြေ့အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၆။ | လ ၃၀၂၉၆၇ | ရဲတပ်သား အိမောင်ခိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၇။ | လ ၃၀၄၇၈၅ | ရဲတပ်သား တွယ်တာလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၈။ | လ ၃၀၅၃၆၂ | ရဲတပ်သား ရာဇာထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၉။ | လ ၃၀၇၁၃၇ | ရဲတပ်သား နေမျိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၀။ | မ ၃၇၈၄၉ | မီးသတ်တပ်သား နိုင်လင်းထွန်း | မီးသတ်ဦးစီးဌာန |
| ၅၁။ | ၅၃၃၁၄၆ | တပ်သား သိန်းထွန်းဦး(ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၂။ | ၆၇၁၂၃၅ | တပ်သား ခင်မောင်ထွေး(ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၃။ | ၉၄၅၇၈၀ | တပ်သား စိုင်းအောင်(ငြိမ်း) | ရှမ်းပြည်နယ် |
| ၅၄။ | အ/ ၁၂၄၀၅၁ | အရပ်သူ/ သန့်ရှင်းရေး ဒေါ်မူမူသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်မာမာအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်အေးကမ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှခင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ညွှန့်ညွှန့်သက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်ဘောင်းဒါး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်နန်းဆားရ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်စန္ဒာဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်အိအိ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၃။ | ဒေါ်ချစ်သက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၄။ | ဒေါ်ခင်မာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၅။ | ဒေါ်သင်းသင်းမြတ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၆။ | ဒေါ်ခိုင်မော်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၇။ | ဒေါ်ခိုင်သူဇာမျိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါ်နီလာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၉။ | ဒေါ်အိမာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၀။ | ဒေါ်မြင့်မြင့်စန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါ်ခင်အေးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်ယဉ်ယဉ်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ | ဒေါ်ခင်မာညို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်နှင်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်ဝင်းဝင်းနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်အေးအေးသွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၇။ | ဒေါ်အေးစုခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၈။ | ဒေါ်ငုဝါဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၉။ | ဒေါ်သန္တာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၀။ | ဒေါ်ထက်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်ဝင်းပပသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်ဝင်းဝင်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်ဖြိုးပပအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်စိုးစန္ဒာဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၅။ | ဒေါ်ရွှေရည်ဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၆။ | ဒေါ်အေးအေးမာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၇။ | ဒေါ်မေသန္တာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၈။ | ဒေါ်နန်းအိဖြိုးမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၉။ | ဒေါ်နီနီဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၀။ | ဒေါ်ဇာဇာဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၁။ | ဒေါ်ဖြိုးဖြိုးခင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၂။ | ဒေါ်သွင်သွင်ပြုံး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၃။ | ဒေါ်ခင်စိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၄။ | ဦးအောင်နိုင်ဦး | | ကယားပြည်နယ် |
| ၉၅။ | ဦးလှမိုး | | ကယားပြည်နယ် |
| ၉၆။ | ဦးမောင်အောင် | | ကယားပြည်နယ် |
| ၉၇။ | ဦးညီညီလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉၈။ | ဦးညိုလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉၉။ | ဦးအောင်ဌေးမြင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၀။ | ဦးရာဇာလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၁။ | ဦးနေလင်းဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၂။ | ဦးကြည်မိုး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၃။ | ဦးကျော်လွင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၄။ | ဦးခိုင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |

စာမျက်နှာ ၇ သို့ ■

➤ ရှေ့ဖုံးမှအဆက်

အသုံးချ၍ ဖိနှိပ်ခဲ့ကြပါသည်။ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက အတည်ပြုခဲ့သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာလူမျိုးအများစုတက္ကသိုလ် ပညာသင်ယူခွင့်ရရှိရေးကို ခက်ခဲစေရန် ကန့်သတ်ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်၍ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများကစတင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန့်ကျင်ခဲ့ကြပါသည်။

ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့်နေ့မှာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဖြစ်ပြီး မြန်မာတို့၏အမျိုးသားဇာတိမာန်စိတ်များ နိုးကြားရှင်သန်ပေါ်ပေါက်ခဲ့ရသော နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့၊ ဂျူဗလီဟောခန်းမကြီး၌ ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ စည်းဝေးကျင်းပခဲ့သော ဂျီစီဘီအေ ခေါ် မြန်မာအသင်းချုပ်ကြီး၏ အထူးညီလာခံက တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို **“အမျိုးသားနေ့”** အဖြစ် တညီတညွတ်တည်း စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့ကြပါသည်။ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် ခမ်းနားကြီးကျယ်စွာကျင်းပခဲ့ကြရာ ယခုဆိုလျှင် ၁၀၅ နှစ်တိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ကျွန်တော်တို့အနေဖြင့် တွေ့ကြုံခဲ့ရသော အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာရယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး လက်တွေ့အကောင်အထည်ဖော်တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြရေးမှာ အဓိကကျပါသည်။ သမိုင်းအစဉ်အလာကြီးမားသော အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို မပျက်ယွင်းစေဘဲ သတိရထိန်းသိမ်းလျက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းမှုစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ဆန္ဒပင်ဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန်လိုပါသည်။

နိုင်ငံနှင့် ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**❖ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူအားလုံး၏ ဆန္ဒပင်ဖြစ်၊ ထိုသို့တည်ဆောက်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုး၊ နိုင်ငံတော်၏အကျိုးကိုကြည့်၍ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန်လို . . .**

**❖ နိုင်ငံနှင့် ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်မှန်၍ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက် . . .**

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကိုပုံဖော်ပေးနိုင်ပါသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ပညာရေးဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ပေးသွားကြရမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍများတွင် လိုအပ်သောလူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကျောင်းသားလူငယ်များအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလေ့ကျင့်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းပညာ ပြီးမြောက်ပြီးသူများကို စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ထိုမှတစ်ဆင့် အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့သားကောင်း ထူးချွန်ပညာရှင်များပေါ်ထွန်းလာစေရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများကလည်း ပညာသင်ကြားပေးရုံသာမက ဗလငါးတန်နှင့် ပြည့်စုံသော၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ အသိပညာ အတတ်ပညာပြည့်စုံပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။

**❖ ယနေ့ကာလသည် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အရေးကြီးသည့်အချိန်ဖြစ်၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို မကြာမီစတင်ကျင်းပတော့မည်ဖြစ်၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည်သာ မိမိတို့လျှောက်လှမ်းရမည့် လမ်းကြောင်းအမှန်ဖြစ်သဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ် . . .**

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတ ပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်ကာ အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးအကျိုးသယ်ပိုးဆောင်ရွက်ရန်အရေးကြီးပါသည်။ ထို့အပြင် ပညာရေးမှ ရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကိုဖြေရှင်းနိုင်စွမ်းကလည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် များစွာအထောက်အကူပြုသောပင်ကိုအရည်အချင်းများပင်ဖြစ်ပါသည်။

အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရပါမည်။ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းပညာသင်ယူခွင့်ရရှိရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးကို အားပေးလျက်ရှိပါသည်။ အမျိုးသားပညာရေးမြှင့်တင်ရေးအတွက် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီမွမ်းမံပြင်ဆင်ခြင်း၊ ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့ကာလသည် မိမိတို့နိုင်ငံအတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို မကြာမီစတင်ကျင်းပတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်သည်သာ မိမိတို့လျှောက်လှမ်းရမည့် လမ်းကြောင်းအမှန်ဖြစ်သဖြင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားရပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

အမျိုးသားအောင်ပွဲနေ့သည် မြန်မာပြည်သူပြည်သားအားလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သော နေ့တစ်နေ့ဖြစ်ပါသည်။ ဤသို့ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့၌ **“စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်”** ဆိုသည့် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာပြည်သူပြည်သားအပေါင်းတို့က ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ သွေးစည်းညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် ထာဝရငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ရွှေပြည်သစ်ကြီးသို့ ပူးပေါင်းချီတက်သွားကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၆ သို့ ➤

➤ **စာမျက်နှာ ၅ မှအဆက်**

နိဂုံးချုပ်အနေဖြင့် ယခုနှစ်အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရေး၊
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး၊
- အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး

တို့ကို အောင်မြင်စေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက တွဲလက်ညီညီ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ကြပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အောင်မြင်အောင် တည်ဆောက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၁-၂၀၂၅(သောကြာနေ့)


| | | | |
|---|---|---|---|
| ၁။ | ၀၆:၀၀ တရားတော် | ၇။ ၁၈:၃၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** |
| ၂။ | ၀၉:၀၀ ကျန်းမာသုတ | | **ပုဂံမှာသာတဲ့လ** |
| ၃။ | ၁၁:၀၀ မြတ်ဗုဒ္ဓ၏သာသနာ | | **(ဇာတ်သိမ်းပိုင်း)** |
| ၄။ | ၁၃:၀၀ အမှတ်တရနေ့ရက်များ | | **သရုပ်ဆောင်- ရန်အောင်၊** |
| ၅။ | ၁၅:၀၀ ဇာတ်လမ်းတို | | **မေသန်းနု၊** |
| ၆။ | ၁၆:၀၀ မျိုးချစ်တပ်မတော် | | **ဒါရိုက်တာ- မြတ်တင်အေး** |

## MWD Variety Channel

၁၄-၁၁-၂၀၂၅
(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၅ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၀:၂၀ | အမျိုးသားအောင်ပွဲနေ့(မှတ်တမ်းအစီအစဉ်) |
| ၃။ | ၁၁:၃၅ | လူငယ်ရှေ့ရေးအတွေးကမ္ဘာ |
| ၄။ | ၁၂:၄၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၅။ | ၁၄:၄၅ | ကျန်းမာသောဘဝ |
| ၆။ | ၁၇:၅၀ | Countries of the World |

## မိုးလေဝသ သတင်း




# ပဲခူးမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပဒေသာကပွဲကျင်းပ




ပဲခူး နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုပဒေသာကပွဲကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာသံစုံတီးဝိုင်းဖြင့် Grade – 12 ကျောင်းသား၊ ကျောင်းသူများက "ကျောင်းသီချင်း" ဖြင့် လည်းကောင်း၊ Grade – 10 ကျောင်းသား၊ ကျောင်းသူများက "အမျိုးသားနေ့ကြွေးကြော်သံ" သီချင်းဖြင့်လည်းကောင်း၊ Grade – 8 ကျောင်းသူ မအိမြတ်ချယ်က "စကားဝါမြေ" သီချင်းဖြင့်လည်းကောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်သုံးဆုရှင် တေးသံရှင် မဇေရီအောင်က "တောသူအချစ်" သီချင်းဖြင့်လည်းကောင်း၊ Grade – 9 ကျောင်းသူ မမေဘုန်းမြတ်က "ပန်းရည်ဘဏ်တိုက်" သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တီးခတ်သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ဆရာ၊ ဆရာမများအတွက် အဝတ်အထည်များ ပေးအပ်ကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# 2025 MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ




ရန်ကုန် နိုဝင်ဘာ ၁၃

အထက်မြန်မာပြည် ကိုယ်စားပြု မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာပြည်ကိုယ်စားပြု ရင်လုံဂေါက်သီးရိုက်အသင်းတို့၏ အဋ္ဌမအကြိမ်မြောက် MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယမန်နေ့က ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် မင်းဓမ္မလမ်းရှိ Ruyi Restaurant ၌ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရင်လုံဂေါက်သီးရိုက်အသင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရန်အောင်၊ အားကစားသမားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက အမှာစကားပြောကြားသည်။

ဆက်လက်၍ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ကစားသမားများအတွက် မန်းစီးတီးဂေါက်သီးရိုက်အသင်းက ငွေကျပ်သိန်း ၁၀၀၊ ဥက္ကဋ္ဌ ဦးရွှေမြင့်က ငွေကျပ်သိန်း ၅၀၊ ရွှေမန်းတောင်ဂေါက်ကွင်းက ငွေကျပ်သိန်း ၁၀၀၊ ရင်လုံဂေါက်သီးရိုက်အသင်းက ငွေကျပ်သိန်း ၁၀၀၊ ဦးလှမြင့်ရွှေက ငွေကျပ်သိန်း ၅၀ တို့ ပေးအပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲအားကြီးကြပ်ပေးသော မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒိုင်အဖွဲ့များအား မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် ရင်လုံဂေါက်သီးရိုက်အသင်းတို့က အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ယခုနှစ်တွင် ဗိုလ်စွဲသွားသော ရင်လုံဂေါက်သီးရိုက်အသင်းထံ MYM Cup ဖလားကို မန်းစီးတီးဂေါက်သီးရိုက်အသင်းက လွှဲပြောင်းပေးအပ်သည်။

ကျင်းပပြီးစီးခဲ့သည့် MYM Cup ပြိုင်ပွဲတစ်လျှောက် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့ Royal Mingalardon Golf & Country Club ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၄ ခုနှစ် မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်း၊ ၂၀၁၅ ခုနှစ် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၆ ခုနှစ် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ကျင်းပသည့် စတုတ္ထအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၁၇ ခုနှစ် ပုဂံဂေါက်ကွင်း၌ကျင်းပသည့် ပဉ္စမအကြိမ်တွင် မန်းစီးတီးအသင်း၊ ၂၀၁၉ ခုနှစ် ဒဂုံဂေါက်ကွင်း၌ကျင်းပသည့် ဆဋ္ဌမအကြိမ်တွင် ရင်လုံအသင်း၊ ၂၀၂၃ ခုနှစ် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ကျင်းပသည့် သတ္တမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီးအသင်း၊ ၂၀၂၅ ခုနှစ် အဋ္ဌမအကြိမ်ပြိုင်ပွဲတွင် ရင်လုံအသင်းတို့ အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

**မြဝတီ**

■ စာမျက်နှာ ၄ မှအဆက်

| | | |
|---|---|---|
| ၁၀၅။ | ဦးဇော်ဖြိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၆။ | ဦးတိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၇။ | ဦးမင်းဆွေ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၈။ | ဦးဝေလွင်ဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀၉။ | ဦးတင်ကိုး | မကွေးတိုင်းဒေသကြီး |
| ၁၁၀။ | ဦးကြည်လင်း | မကွေးတိုင်းဒေသကြီး |
| ၁၁၁။ | ဦးဉာဏ်ထူးစံ | မကွေးတိုင်းဒေသကြီး |
| ၁၁၂။ | ဦးမင်းသိုက် | မန္တလေးတိုင်းဒေသကြီး |
| ၁၁၃။ | ဦးသန်းဦး | မန္တလေးတိုင်းဒေသကြီး |
| ၁၁၄။ | ဦးရဝေအောင် | မန္တလေးတိုင်းဒေသကြီး |
| ၁၁၅။ | ဦးပြုံးကို | မန္တလေးတိုင်းဒေသကြီး |
| ၁၁၆။ | ဦးအောင်ဇော်ဝင်း | မန္တလေးတိုင်းဒေသကြီး |
| ၁၁၇။ | ဦးချစ်ဝေယံသဲ | မန္တလေးတိုင်းဒေသကြီး |
| ၁၁၈။ | ဦးကောင်းထက်ကျော် | မန္တလေးတိုင်းဒေသကြီး |
| ၁၁၉။ | ဦးထူးအောင် | မန္တလေးတိုင်းဒေသကြီး |
| ၁၂၀။ | ဦးစိုးမင်း | မန္တလေးတိုင်းဒေသကြီး |
| ၁၂၁။ | ဒေါ်မူမူအောင် | မန္တလေးတိုင်းဒေသကြီး |
| ၁၂၂။ | ဦးမျိုးမြင့်အောင် | ဧရာဝတီတိုင်းဒေသကြီး |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရိန်တံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ယာယီဒုတိယ ရဲမှူးကြီး | ကိုကိုလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူး | စိုးသူရထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဦးဟိန်းမင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၄။ | ဦးမင်းသန့် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၅။ | ဦးဉာဏ်ဇော်ဦး | | မွန်ပြည်နယ် |

### ရဲကျော်စွာတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | မျိုးသန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဒုတိယရဲမှူးကြီး | မောင်ဖုန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | ဇော်မင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ဦးစိုးထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၅။ | လ ၂၁၂၁၄၈ | ရဲအုပ် ကျော်မျိုးမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | လ ၂၆၆၅၄၀ | ရဲအုပ် စောဝင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | လ ၂၇၁၆၄၇ | ရဲအုပ် မင်းသိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | လ ၂၇၅၉၁၆ | ရဲအုပ် အောင်ခင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | လ ၂၉၄၃၃၅ | ရဲအုပ် ကျော်ဇေယျ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | လ ၂၇၅၇၀၂ | ဒုတိယရဲအုပ် ကျော်ဇင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | လ ၁၉၆၀၁၁ | ရဲအရာခံ ကျော်ဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | မ ၂၃၄၇၀ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ထက်အောင် | မီးသတ်ဦးစီးဌာန |
| ၁၃။ | မ ၂၄၈၇၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ချမ်း | မီးသတ်ဦးစီးဌာန |
| ၁၄။ | မ ၁၉၇၀၉ | မီးသတ်တပ်ကြပ်ကြီး မင်းသူ | မီးသတ်ဦးစီးဌာန |
| ၁၅။ | ဦးဝင်းသူ | | မွန်ပြည်နယ် |

### ရဲကျော်သူတံဆိပ်

| | | | |
|---|---|---|---|
| ၁။ | ရဲမှူး | ရဲဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ဦးကျော်ကိုကို | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃။ | ဦးစောလွင်အေး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ | ဒုတိယရဲမှူး | တင်မင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲမှူး | ဝေယံပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ဦးအောင်သူရကျော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇။ | ဦးမင်းသူ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈။ | ဦးကျော်ကျော်ဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၉။ | ဦးရာဇာထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဦးဝင်းမြတ်သူ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၁။ | ဦးကျော်ဇင်ဝင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၂။ | ဦးသန့်ဇင်ဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၃။ | လ ၂၀၀၂၆၉ | ရဲအုပ် သော်ဇင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၂၃၇၃၁၇ | ရဲအုပ် မျိုးမင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၂၅၇၈၂၃ | ရဲအုပ် ဝင့်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | လ ၂၅၉၁၉၀ | ရဲအုပ် ဝင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇။ | လ ၁၁၃၆၉၃ | ရဲအရာခံ လှမောင်သိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၁၆၂၇၀၀ | ရဲအရာခံ မျိုးဆွေဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | မ ၁၃၄၈၈ | ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်သူ | မီးသတ်ဦးစီးဌာန |
| ၂၀။ | မ ၂၂၈၈၆ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေလျှံထွေး | မီးသတ်ဦးစီးဌာန |
| ၂၁။ | မ ၂၂၈၈၇ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဘိုဘိုအောင် | မီးသတ်ဦးစီးဌာန |
| ၂၂။ | မ ၂၃၄၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်မျိုးသန်း | မီးသတ်ဦးစီးဌာန |
| ၂၃။ | မ ၂၉၃၈၆ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာလင်း | မီးသတ်ဦးစီးဌာန |
| ၂၄။ | မ ၃၀၀၂၈ | ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူထက် | မီးသတ်ဦးစီးဌာန |
| ၂၅။ | လ ၁၇၆၅၁၅ | ရဲတပ်ကြပ်ကြီး တင်အောင်ခိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၁၀၈၅၁ | ရဲတပ်ကြပ်ကြီး ရဲလှိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၃၅၀၃၇ | ရဲတပ်ကြပ်ကြီး ဇော်မင်းလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | မ ၃၅၂၁၆ | လက်ထောက်မီးသတ်ဦးစီးမှူး ဦးဟိန်းဆက်ပိုင် | မီးသတ်ဦးစီးဌာန |
| ၂၉။ | လ ၂၂၉၃၈၂ | ရဲတပ်ကြပ် အောင်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | လ ၂၂၉၅၂၁ | ရဲတပ်ကြပ် မောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၁။ | လ ၂၃၂၄၈၇ | ရဲတပ်ကြပ် စိုးဝင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၂၃၃၅၉၀ | ရဲတပ်ကြပ် ထွန်းလင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၂၄၆၀၈၈ | ရဲတပ်ကြပ် ကျော်ဖြိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၂၉၁၆၈၆ | ရဲတပ်ကြပ် ကျော်ခန့်ငြား | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၂၉၇၅၂၅ | ရဲတပ်ကြပ် အောင်မျိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၂၉၇၆၂၈ | ရဲတပ်ကြပ် အောင်စန်းထိုက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၂၉၇၆၅၅ | ရဲတပ်ကြပ် ဖြိုးထက်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | မ ၂၀၄၈၇ | မီးသတ်တပ်ကြပ်ကြီး မြင့်ဝဏ္ဏ | မီးသတ်ဦးစီးဌာန |
| ၃၉။ | မ ၂၁၄၅၅ | မီးသတ်တပ်ကြပ်ကြီး ဇော်မျိုးအောင် | မီးသတ်ဦးစီးဌာန |
| ၄၀။ | မ ၂၂၉၇၅ | မီးသတ်တပ်ကြပ်ကြီး ထွန်းအောင်ကျော် | မီးသတ်ဦးစီးဌာန |
| ၄၁။ | မ ၂၅၇၃၅ | မီးသတ်တပ်ကြပ်ကြီး ချစ်ငြိမ်း | မီးသတ်ဦးစီးဌာန |
| ၄၂။ | မ ၂၇၃၁၀ | မီးသတ်တပ်ကြပ်ကြီး ဇော်နိုင်ထွန်း | မီးသတ်ဦးစီးဌာန |

Iran condemned a suicide attack in Pakistan’s capital that killed at least 12 people and injured more than 20, calling for regional cooperation to fight terrorism and extremism, Iranian state media reported on Wednesday.

In a phone call with his Pakistani counterpart Sardar Ayaz Sadiq, Iranian Parliament Speaker Mohammad Bagher Ghalibaf expressed sympathy for Pakistan’s government and people and reiterated that Iran opposes terrorism in all forms and for any motive.

The two parliamentary leaders also discussed expanding bilateral ties, following up on agreements from Ghalibaf’s recent three-day visit to Pakistan, and continuing consultations between their parliamentary commissions and friendship groups.

Sadiq said Pakistan would combat terrorism and prevent any foreign interference in its internal affairs. He described Ghalibaf’s recent visit as “effective” and expressed hope that regular parliamentary exchanges would continue.

Both sides emphasized the need to strengthen economic and cultural cooperation and maintain ongoing delegation exchanges.

The attack occurred outside the district courts in Islamabad. The banned militant group Tehreek-i-Taliban Pakistan (TTP) claimed the attack, warning that it would carry out more such assaults in the future.

**Xinhua**

# BBC ready to apologize to Trump – media




WASHINGTON November 13

The BBC is prepared to issue a formal apology to US President Donald Trump to settle a billion-dollar lawsuit he filed earlier this week, according to several media reports.

Trump is demanding the retraction of a documentary that contained a misleading edit of a speech he delivered prior to the 2021 Capitol Hill riot. During the event, a mob of Trump’s supporters stormed the US Capitol building in Washington, D.C., in a bid to overturn the results of the 2020 presidential election.

The US president accused the broadcaster of “reckless disregard for the truth” after a leaked internal BBC dossier, published by The Telegraph last week, revealed that the documentary show Panorama edited his speech to suggest he had incited the riot. The accusations forced both the director general and head of news to resign.

Pressure is mounting on the BBC as Trump’s Friday deadline approaches for the organization to respond to his US$-1 billion legal suit, reportedly filed in a Florida court on Wednesday.

The BBC is now ready to apologize, with its lawyers currently drafting the wording of their response to the US president, according to The Telegraph. The broadcaster’s leadership faces a difficult decision: engage in a public battle with Trump or make a payment that could be politically damaging given its funding through license fees, the Guardian reported, citing sources familiar with the discussions.

On Monday, BBC Chairman Samir Shah acknowledged that the edited video gave the “impression of a direct call for violent action,” concluding that “the BBC would like to apologize for that error of judgment.”

Trump has since intensified his legal threat, asserting he feels “an obligation” to sue the BBC. “I guess I have to,” he told Fox News. “They defrauded the public and they’ve admitted it.”

The BBC, however, rejected claims that the corporation is “institutionally biased.” British Prime Minister Keir Starmer’s office also denied that the broadcaster was biased or corrupt while acknowledging that “clearly mistakes have been made in this case.” **RT**

# US military shielded from legal liability for attacks on boats in Caribbean Sea

MOSCOW November 13

The US Justice Department’s Office of Legal Counsel issued a classified opinion stating that US military personnel involved in attacks on boats in the Caribbean Sea will not face legal liability in the future, the Washington Post reported, citing people familiar with the matter.

In recent months, the US armed forces have repeatedly targeted vessels suspected of carrying drugs off Venezuela’s coast. In late September, NBC News reported that the US military was exploring options for strikes against drug traffickers inside Venezuela.

The classified opinion was prompted by government concerns over the legality of such strikes, the report said.

In October, The New York Times reported that the administration of US President Donald Trump surreptitiously authorized the CIA to carry out secret action in Venezuela, including deadly strikes inside the country, intensifying a campaign against Venezuelan President Nicolas Maduro and his government.

In August, the United States deployed several vessels, including three destroyers, an amphibious assault ship, a missile cruiser, and a nuclear submarine, as well as nearly 4,500 marines to the Caribbean under the pretext of countering drug-related activity allegedly coming from Venezuela. Caracas firmly rejects the allegations. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# What is Agri-PV? Merging solar power with agriculture



Agricultural photovoltaics, more commonly known as Agri-PV, has the potential to revolutionise the energy industry by harnessing solar power in rural areas. According to SolarPower Europe, if just one percent of the available farmland in Europe were developed with Agri-PV installations, the EU would see an increase of 700 GW in installed capacity.

**What is the meaning of Agri-PV?**

By combining solar panels with farming in the same area, agri-PV, or agrivoltaics, maximises land usage, boosts production, and develops renewable energy. Large conventional solar systems require land that is used just for energy production; however, agri-PV systems permit agricultural practices, such as planting crops or rearing livestock, to take place under or next to the panels. This two-pronged approach can help both the solar and agricultural sectors by maximising the use of the land.



Finding different designs for solar systems and agricultural methods that boost energy and agricultural output at co-located sites could help to improve overall value and reduce soft costs, which include all non-hardware expenses, of solar energy.

**How does Agri-PV power work?**

Understanding agrivoltaic farming starts with recognising how it is different from traditional farming, focusing on integrating technology to aid global food production. In agrivoltaic systems, photovoltaic (PV) cells in solar panels convert sunlight into electricity. When sunlight hits these cells, they either reflect it, let it pass through, or absorb it. Only the absorbed sunlight generates electricity by freeing electrons within the cell's semiconductor material.

The electrons move toward the cell's front, creating an electrical charge imbalance. This generates an electric current when connected to an external circuit. Some PV cells can even convert artificial light into electricity.

Agrivoltaic setups give solar panels space underneath for agriculture, making it possible to grow crops and raise livestock. Crops like potatoes, kale, and broccoli can thrive under the panels, which provide shade and reduce water loss, creating a cooler environment that improves both crop yield and solar panel efficiency. Consequently, there is better solar performance and an increased agricultural yield.

**What is the implementation of Agri-PV systems?**

Creating a sustainable agrivoltaic system involves several key steps to boost crop yields and energy production:

- **Assess land and resources:** Start by evaluating the suitability of the land for both agricultural and solar panel installations. The soil will need to support plant growth and accommodate solar panel foundations. Consider water availability and energy resources as agrivoltaic systems are useful in water-scarce areas as they reduce water needs and generate energy.
- **Design the system:** Choose the right solar panels, examining power output and durability. Panels should be positioned to maximize sunlight exposure while protecting the crops underneath. Select crops that thrive in shaded or cooler environments since they benefit most from the protection solar panels offer against intense UV rays.
- **Implementation:** Install solar panels with professional help to ensure they are placed correctly for optimal energy generation. Plant and maintain crops according to their specific needs, adjusting cultivation methods based on their performance under the panels. Monitor the water content of the soil to ensure proper hydration.
- **Measure the success:** Track energy production and crop yields to assess the system's effectiveness. If outputs are lower than expected, assess the system's design or operation. Also, evaluate the return on investment and the environmental impact of the system to determine its overall success in promoting sustainable practices.

**What are the financial and regulatory considerations around Agri-PV?**

When installing solar PV and battery storage systems on agricultural property, it is essential to follow the rules, including zoning laws, permits, and health and safety requirements. Agri-PV is not widely defined, which makes it difficult to plan for and finance these installations. Different regions may favour different Agri-PV models based on economic and social factors, with active efforts in countries like Germany, France, and Italy to develop legal standards and guidelines, such as those issued by SolarPower Europe.

Despite this, farms can still profit financially from investing in Agri-PV and battery storage because of lower energy prices and possible government subsidies. By generating and storing their own energy, these technologies help farms become less reliant on the grid and safeguard against changes in energy prices. During blackouts, the stored energy can also offer a dependable backup. Agricultural businesses are encouraged to use government schemes that support renewable energy adoption, helping to mitigate installation costs and improve energy independence.

**What are some advantages of PV systems?**

Agrivoltaics, combining solar panels with farming, has a number of advantages, especially in hot and dry regions where panels provide shade and help retain groundwater. This allows farmers to generate income from both agriculture and solar energy production, creating a stable source of multiple revenues.

The shade from solar panels also protects farmers from heat-related health risks such as heatstroke and skin cancer, making fieldwork safer. In addition, the presence of panels reduces water evaporation and plant transpiration, conserving water in drought-prone areas.

The systems are normally set up with panels elevated above the ground, providing optimal shading for crops sensitive to heat, and improving water efficiency. The structure also safeguards crops from extreme weather like hail and heavy rainfall, providing added protection and increasing the viability of farming under harsh conditions.

**Internet**

# စစ်သားဂုဏ်ရည်

မောင်မောင်လွင်(ရွှေဘိုသား)

စာရေးသူငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်များဆိုလျှင် အားလပ်သည့်အခါ စာကြည့်တိုက်တွင် စာဖတ်ခြင်းဖြင့် အချိန်ကုန်ဆုံးစေခဲ့သည်။ တစ်ခါတစ်ရံ အညာနွေ၏အပူဒဏ်ကိုကာကွယ်ရန် စာကြည့်တိုက်ရှိ ကြိုက်နှစ်သက်ရာစာအုပ်ကို ငှားပြီး မြက်ဖျာတစ်ချပ်ကိုဆွဲယူ၍ ရောဝတီမြစ်ကမ်းဘေးရှိ သစ်ပင်ကြီးများအောက်တွင် ဖျာခင်းလျက် စာဖတ်လေ့ရှိသည်။ ထိုအရသာကို စာရေးသူ အလွန်အမင်းနှစ်သက်မိသည်။ ယနေ့တိုင်အောင် တစ်နေ့လျှင် ၁နာရီမျှ စာမဖတ်ရလျှင် စိတ်ထဲတစ်ခုခုလိုနေသလိုလိုခံစားရသည်။ "လူဆိုတာ အကျင့်ရဲ့ကျေးကျွန်" ဆိုသည့်စကား မှန်ပေသည်။ မနက်မိုးလင်းလာလျှင် နေ့စဉ်ဖတ်နေကြဖြစ်သည့် မြဝတီနေ့စဉ်သတင်းစာကိုဖတ်သည်။ ညဆိုလျှင် ငှားထားသည့်စာအုပ်ကိုဖတ်သည်။ စာရေးသူအနှစ်သက်ဆုံးက စစ်ပွဲများအကြောင်း၊ ထင်ပေါ်ကျော်ကြားသည့် လူပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိနှင့် နိုင်ငံရေးစာပေများပင်ဖြစ်သည်။ ဖတ်ရှုခဲ့ရဖူးသော စာအုပ်များအနက် အကြိုက်ဆုံးသော စာအုပ်များထဲတွင် "စစ်သားဂုဏ်ရည်" ဟူသည့် စာအုပ်ပထမတွဲနှင့်ဒုတိယတွဲဖြစ်သည်။ ထိုစာအုပ်ကို ၁၉၅၀ ပြည့်နှစ်က ထုတ်ဝေခဲ့ပြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဥယျောဇဉ်ရေးပေးခဲ့သည်။ ထိုစာအုပ်ကို ၁၉၉၀ ပြည့်နှစ်တွင် ဖတ်ရှုခဲ့ရသည်။ ထိုစဉ်က စာရေးသူ၏အသက်သည် ၁၈ မျှသာရှိပါသေးသည်။

ယနေ့ မြန်မာနိုင်ငံတွင် လူအများပြောဖြစ်နေကြသည်က "ပြည်သူ့စစ်မှုထမ်း" ကိစ္စဖြစ်သည်။ နိုင်ငံချစ်စိတ်ဖြင့် အကောင်းပြောကြသူရှိသလို အချို့က မယဉ်ပါးသေးသည့်ကိစ္စဖြစ်၍ သဘောသိပ်မတွေ့ချင်ကြချေ။ တစ်ခုသတိချပ်စေချင်သည်။ မိခင်သည် သားသမီးကို အမြဲတစေရင်ခွင်တွင် မထွေးပိုက်ထားနိုင်သလို သားသမီးတို့သည်လည်း မိခင်၏ရင်ခွင်တွင်အမြဲမနေနိုင်ပါ။ အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာရပေမည်မှာ ဧကန်ပင်ဖြစ်သည်။ ခွဲခွာနေရသော်လည်း မိဘတိုင်းသည်သားသမီးများအတွက် အမြဲဂုဏ်ယူလိုစိတ်ရှိကြသလို သားသမီးများသည်လည်း ဂုဏ်ယူထိုက်သည့်သားကောင်းသမီးကောင်းရတနာအဖြစ် မိဘများကိုတွေ့မြင်ကြားသိစေလိုကြသည်။ လူတိုင်းသည် ရည်မှန်းချက်အတွက် ဘဝကိုရုန်းကန် အသက်ရှင်ကြသူများပင်ဖြစ်သည်။ သို့သော် မိမိဘဝတစ်ခုတည်းကို ရှေ့တန်းတင်စဉ်းစားကြသည်။ ထိုသို့စဉ်းစားရာတွင် အချို့က မျိုးချစ်စိတ်ဖြင့် တပ်မတော်သို့ မိမိဆန္ဒအလျောက် စစ်မှုထမ်း၍ မြင့်မြတ်သည့် တပ်မတော်သားအဖြစ်ခံယူကြသည်။ မြင့်မြတ်သည်ဟုသုံးနှုန်းလိုက်ခြင်းသည် မှားမည်မထင်ပါ။ ယောကျ်ားတိုင်း စစ်သားမဖြစ်နိုင်သလို ယောကျ်ားတိုင်းသည်လည်း ဒုလ္လဘခံယူ၍မရနိုင်ပါ။ ကန့်သတ်ချက်များရှိသည်။ ထို့ကြောင့် "စစ်သားဘဝ ဒုလ္လဘ" ဟုဆိုနိုင်သည်။ နိုင်ငံသားတိုင်းသည် အမိနိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည်။ အရွယ်ရောက်၍ မိမိဘဝတိုးတက်မြင့်မားရေးအတွက်သာ ရှေ့တန်းတင်၍မသင့်ပါ။ နိုင်ငံတော်က ပြဋ္ဌာန်းထားသော နိုင်ငံတော်ကာကွယ်ရေးအတွက် "စစ်မှုထမ်းဥပဒေ" ကို လေးစားလိုက်နာရမည်သာဖြစ်သည်။ ထိုစစ်မှုထမ်းဥပဒေသည် နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာကြည့်ရှုမြင်ကာ နိုင်ငံတော်၏အနာဂတ်အရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ စစ်မှုထမ်းဟောင်းတစ်ဦးက ပြောဖူးသည်။ "ငါ့သားများတပ်ထဲဝင်ရင် သူ့ကိုပြောလိုက်စမ်းပါလေ၊ စစ်တပ်ဆိုတာ ယောကျ်ားကောင်းတို့ကို မွေးထုတ်ပေးတဲ့ ကျောင်းကြီးပေါ့" တဲ့။ စစ်သားဖြစ်ရင် ယောကျ်ားကောင်းဖြစ်ပြီလား ဟုမေးစရာရှိပေမည်။ ယောကျ်ားကောင်းဖြစ်ဖို့အတွက် စစ်သားကောင်းဖြစ်ရန်လိုမည်။ စစ်သားကောင်းမပီသလျှင် တပ်မတော်သည်လည်း အရှည်သဖြင့် လက်ခံလိမ့်မည်မဟုတ်ပါ။

စစ်မှုထမ်းဆောင်ခြင်းအားဖြင့် စည်းကမ်းသေဝပ်ခြင်း၊ အချိန်ကို စီမံခန့်ခွဲတတ်လာခြင်း၊ သွန်သင်ဆုံးမမှုကို နာယူမှတ်သားတတ်ခြင်း၊ စစ်မှုပညာ တတ်မြောက်ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်လာခြင်း၊ ကာကွယ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ရှိလာခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ ဤသို့သောရလဒ်များသည် မိမိဘဝတိုးတက်ရေးခိုင်မာသည့် အခြေခံအုတ်မြစ်ကောင်းပင်ဖြစ်ပေသည်။ ထို့ပြင် နိုင်ငံ့တာဝန်ကျေပွန်သည့် နိုင်ငံ့သားကောင်းအဖြစ် မိမိသာမက မိဘဆွေမျိုးမောင်နှမများက ဂုဏ်ဝင့်စေမည်လည်းဖြစ်သည်။



နိုင်ငံတော်တွင် မီးတင်းနေထိုင်ပြီး ဤမြေတွင်နေ၊ ဤရေကိုသောက်လျှင် ဤနိုင်ငံတော်ကို ကာကွယ်ရပါလိမ့်မည်။ နို့သက်ခံစို့နေမည်ဆိုလျှင် သင်သည် ကျေးဇူးတရားကို မသိတတ်သူဖြစ်ရုံသာမက ကျေးဇူးကန်းသူဖြစ်ပေလိမ့်မည်။ ဂုဏ်သိက္ခာမဲ့စွာဘဝ ရှင်သန်ရပါလိမ့်မည်။

ယနေ့ခေတ်မျက်မှောက်ကာလ ကမ္ဘာ့ရေးရာ စိန်ခေါ်မှုများကြောင့် နိုင်ငံတော်ကိုကာကွယ်ရန် အလို့ငှာ စစ်မှုထမ်းဥပဒေကိုလိုက်နာပြီး စစ်မှုထမ်းဆောင်ရမည်သာဖြစ်သည်။ စစ်မှုထမ်းဆောင်ရာတွင် မြန်မာ့သွေးဖြင့် စစ်သားဂုဏ်ရည်ကို မော်ကွန်းရေးထိုးနိုင်ပေလိမ့်မည်။

**ကိုယ်ကျိုးမငဲ့ခြင်း**

စစ်သားဟုဆိုလိုက်သည်နှင့် ကြမ်းတမ်းသည့်ဘဝကိုဖြတ်သန်းနေကြသူများအဖြစ် တွေးမြင်လိုက်ကြသည်။ မှန်ပါသည်။ တပ်မတော်သားစစ်သားဘဝသည်ကား မစမီကပင် မိဘ၊မောင်နှမ၊ ဆွေမျိုးများနှင့် ချစ်သူတို့အပေါ်ထားသည့် သံယောဇဉ်တို့ကို ခေတ္တဖြတ်တောက်လိုက်ရသည်။ မည်သို့သောအကြောင်းကြောင့် တပ်မတော်သို့ဝင်ရောက်လာသည်ဖြစ်စေ ပထမဦးစွာ ကိုယ်ကျိုးကိုတော့ စွန့်လွှတ်လိုက်ကြသူများသာဖြစ်သည်။ လွတ်လပ်ရေးအတွက် တပ်မတော်ကိုစတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်တို့သည် နိုင်ငံရပ်ခြားသို့ထွက်ခွာပြီး အောက်ကျို့ခံကာ ပင်ပန်းဆင်းရဲစွာ စစ်ပညာသင်ယူခဲ့ရသည်။ ဤသို့ပင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)သို့ မျိုးချစ်လူငယ်လူရွယ်များသည်လည်း လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ကာ ဝင်ရောက်လာကြသည်။ ထိုထိုသော တပ်မတော်သားစစ်သည်တော်တို့သည် ထိုစဉ်က ကိုယ်ကျိုးမစွန့်ခဲ့ပါက ယနေ့ ကျွန်ုပ်တို့တိုင်းရင်းသားညီအစ်ကိုများအားလုံး သူ့ကျွန်ဘဝတွင်ရှိနေမည်သာဖြစ်သည်။

ဤသည်ကား "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

**တိုင်းပြည်နှင့်လူမျိုးအတွက်အသက်စွန့်ခြင်း**

လူ့ဘဝဟူသည်ရခဲသည်။ ထိုရခဲသည့်လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်ဖို့လိုအပ်သည်။ လူဖြစ်ရကျိုးနပ်ခြင်းဟူသည်ကို ရှုထောင့်အမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြပါလိမ့်မည်။ အားလုံးကိုစုစည်းလိုက်လျှင် အများအကျိုးသယ်ပိုးခြင်းဟူသည့်စံပေတံဖြင့်တိုင်းတာကြသည်။ ထိုစံပေတံ၏ အမြင့်ဆုံးတွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အသက်စွန့်ခြင်းဟူသည် ရှိနေပါလိမ့်မည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလ သတိုးမင်းကြီး မဟာဗန္ဓုလသည် ကျိုက္ကလို့တပ်စခန်းတွင် "ပေါ့ပေါ့ဆဆပြုကြလျှင် ငါတို့တစ်မျိုးသားလုံး သူတို့၏ကျွန်ဘဝရောက်ကြလိမ့်မည်၊ မိစ္ဆာမျိုးတို့၏ကျွန်ဖြစ်ရခြင်းထက် မြန်မာ့ဂုဏ်မညှိုးရန် တိုက်ရင်းခိုက်ရင်းလဲ၍သေရသည်က ရာဇဝင်ပြောင်မြောက်၍ မြတ်ပေသေး၏" ဟု မိန့်ခွန်းပြောကြားခဲ့သည်။ စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူတိုက်ပွဲတွင် တိုင်းပြည်နှင့်လူမျိုးအတွက် သူရဲကောင်းပီသစွာ စစ်မြေပြင်တွင်ကျဆုံးခဲ့ရသည်။

**စစ်သားကောင်းတို့မည်သည် စစ်မြေပြင်၌ တိုက်ရင်းခိုက်ရင်း ကျဆုံးခြင်းကား မရှောင်သာသောမွေ့တာပင်ဖြစ်သည်။**

ဤသည်ကားလည်း "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

**သစ္စာတည်စောင့်ထိန်းခြင်း**

တစ်ဦးနှင့်တစ်ဦး မိတ်ဆွေပြုကြသည့်အခါဖြစ်စေ၊ အကြင်လင်မယားအဖြစ် အိမ်ထောင်ထူရာတွင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖွဲ့စည်းရာတွင်ဖြစ်စေ အနာဂတ်ရည်မှန်းချက်အတွက် သစ္စာပြုကြသည်။ ထိုသစ္စာကို အသက်တမျှစောင့်ထိန်းကြရသည်။ "ကတိသစ္စာတည်သောခါဝယ်၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏" ဟူသည့် စကားလည်းရှိသည်။ မြန်မာ့ရာဇဝင်တွင် သစ္စာတည်စောင့်ထိန်းသူများအနက် အမတ်ဒိန်၏သစ္စာစောင့်ထိန်းမှုသည်ကား ရာဇဝင်ပြောင်မြောက်လှပေသည်။ ယနေ့မြန်မာ့တပ်မတော်သားများသည်လည်း နေ့စဉ်သစ္စာလေးချက်ဆိုကြရသည်။ ထိုသစ္စာလေးချက်အနက် နောက်ဆုံးအချက်ဖြစ်သည့် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူသည့် သစ္စာဆိုစကားအတိုင်း အသက်သွေးချွေးများဖြင့် စောင့်ထိန်းလျက်ရှိသည်။

**တပ်မတော်သားတိုင်းသည် ရဲဘော်စိတ်ဟူသော သစ္စာတရား၊ မေတ္တာတရား၊ သံယောဇဉ်တရားတို့ ရှိကြသည်။** ဤသည်ကားလည်း "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

**သူရဲကောင်းတို့ကိုလေးစားမြတ်နိုးခြင်း**

စစ်သားတို့၏အရည်အသွေးကို စစ်မြေပြင်၌ မှတ်ကျောက်တင်နိုင်သည်။ သူရဲကောင်းစိတ်ဓာတ်ရှိသူတို့သည်လည်း သူရဲကောင်းကိုချီးကျူးကြသည်။ ဤသည်နှင့်ပတ်သက်၍ မြန်မာ့စစ်သမိုင်းတွင် မင်းရဲကျော်စွာသည် သူရဲကောင်းတစ်ဦးဖြစ်သလို သူရဲကောင်းတို့ကိုလည်း လေးစားမြတ်နိုးသူဖြစ်သည်။ မင်းရဲကျော်စွာသည် ပြည်မြို့အားဝန်းရံတိုက်ခိုက်သောအခါ ဟံသာဝတီဘုရင့်သမက်တော်ဖြစ်သူ ဥပါကောင်းသည် ခုခံတိုက်ခိုက်လေသည်။ ထိုအခါ မင်းရဲကျော်စွာ၏စိတ်ထဲတွင် ဥပါကောင်းအား သူရဲကောင်းတစ်ယောက်အဖြစ် ချစ်ခင်လေးစားလေသည်။ ခေတ္တမြင်တွေ့လိုသဖြင့် ခေါ်တွေ့ခဲ့သည်။ သည့်နောက် မင်းရဲကျော်စွာက ချီးကျူးစကားဆို၍ "ကောင်းလှပြီး၊ ငါလည်းအားရလှ၏၊ ဘကြီးတော်နှင့်ငါ စစ်မက်ပြုရမည်များသေးသည်၊ စစ်ပွဲတွင် လက်ခြေလွန်သော်ကား မသိနိုင်၊ အရှင်ဖမ်းမိကမင်းမသေစေရ" ဟု ကတိပြုစကားဆိုသည်။ သည့်နောက် မင်းရဲကျော်စွာသည် ဥပါကောင်းအား ရန်သူဖြစ်လင့်ကစား ဆုလာဘ်များစွာပေး၍ ကောင်းမွန်စွာပြန်ပို့စေခဲ့သည်။ နောက်ထပ်ထင်ရှားသောသာဓကတစ်ခုရှိသည်။ ထိုသည်မှာ ရာဇာဓိရာဇ်သည် သူ၏သူရဲကောင်း လဂွန်းအိန်အား စစ်မထွက်မီ စိတ်ဓာတ်မြင့်မားစေရန်အတွက် ရွှေကွမ်းအစ်တော်ကို ကွမ်းထည့်စေပြီး မိဖုရားငယ် မွေ့သင်ခေါ် ဒလသုဒ္ဓမာယာအား လဂွန်းအိန်ထံဆက်သစေသည်။ လဂွန်းအိန်သည်လည်း သူ၏အရှင်ရာဇာဓိရာဇ်သည် မိမိအပေါ်မည်မျှချစ်သည်ကိုသိလိုသဖြင့် စစ်ထွက်မည့်အချိန်တွင် အမတ်ဒိန်နှင့် သမိန်ဖြတ်ဇတို့တပ်ကိုလှည့်လည်စစ်ဆေးသောအခါ လဂွန်းအိန်ကို မတွေ့သဖြင့် သွားရောက်မေးမြန်းခဲ့ရာ လဂွန်းအိန်က မိဖုရားဒလသုဒ္ဓမာယာ၏ပဒုမအသွေးအရောင်ကိုတွေ့မိသဖြင့် စိတ်ကို မထိန်းချုပ်နိုင်၍ မအိပ်နိုင်၊ မစားနိုင်၊ မသောက်နိုင်ဖြစ်ရနေရကြောင်းနှင့် စစ်ထွက်လျှင်လည်း သေမည်။ စစ်မထွက်လျှင်လည်း သေမည့်အတူတူ ကျွန်ုပ်နေတော့သည်ဟုဆိုခဲ့သည်။ ထိုအကြောင်းကို ရာဇာဓိရာဇ်သိသောအခါ "လဂွန်းအိန်လို သူရဲကောင်းတစ်ယောက်ကို ရှာဖွေရန်ခက်ခဲလှသည်။ သို့ဖြစ်၍ ဒလသုဒ္ဓမာယာမိဖုရားအား ကောင်းစွာပြုပြင်မွမ်းမံလျက် ရွှေလောင်းတော်ဖြင့် လဂွန်းအိန်ထံပို့စေ" ဟု မိန့်ကြားခဲ့သည်။

**သူရဲကောင်းတို့သည် ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ သူရဲကောင်းတို့ကို လေးစားမြတ်နိုးတတ်ကြသည်။**

ဤသည်ကားလည်း "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

**အမိန့်နာခံခြင်း**

အမိန့်နာခံတတ်ခြင်းသည် စစ်သည်တော်ကောင်းတို့၏ဂုဏ်ဒြပ်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အား ကိုယ်စားပြုသည့်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မိမိတပ်မတော်၏ဂုဏ်သိက္ခာမြင့်မားရေးနှင့် စစ်အောင်နိုင်ရန်အလို့ငှာ အမိန့်နာခံခြင်းပင်ဖြစ်သည်။ စစ်အောင်ရာသောအကြောင်းတရားတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကြောင်းအချက် မတူညီကြချေ။ သို့သော်လည်း စစ်အောင်ရာသောအခြေခံအုတ်မြစ်သည်ကား အမိန့်နာခံခြင်းပင်ဖြစ်သည်။ မြန်မာ့ရာဇဝင် အုတ်လှည်းနောင်တို့၏ အမိန့်နာခံတတ်မှုအကြောင်းကိုမူ

**စာမျက်နှာ ၂၃ သို့ ❑**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

❑ **စာမျက်နှာ ၂၂ မှအဆက်**

စာရေးသူတို့ငယ်စဉ်က ကျောင်းသင်ခန်းစာ စာအုပ်တွင်သင်ယူခဲ့ရပြီးဖြစ်သဖြင့် ရှင်းလင်းမဖော်ပြလိုတော့ပါ။

**ဦးဆွေးဆံမြည့်စကားသည် ထိုညီနောင်နှစ်ပါးမှ ဆင်းသက်လာခဲ့သည် ဖြစ်ရာ ဂုဏ်ယူဖွယ်စစ်သည်တော်ကောင်းတို့၏ ပြယုဂ်ပင်ဖြစ်သည်။**

ဤသည်ကားလည်း "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

**သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်ခြင်း**

ယနေ့တပ်မတော်၏အစဉ်အလာ (၁၂) ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် "သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်မှု" ဟူသည်ရှိသည်။ အစဉ်အလာဟူသည်ကား သမိုင်းကြောင်းမှဆင်းသက်လာသည့် ကောင်းမွန်သည့် စိတ်ဓာတ်နှင့်ပြုမူခြင်းတို့ဖြစ်သည်။ သခင်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရန်အတွက် လက်ရုံးရည်ပြည့်ဝသည့် တပ်မတော်တစ်ရပ်ထူထောင်ရန် ရည်မှန်းချက်ဖြင့် ၎င်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့သည် အပင်ပန်းဆင်းရဲခံကာ နိုင်ငံရပ်ခြားတွင် စစ်ပညာသင်ယူ၍ မြန်မာ့တပ်မတော်ကိုထူထောင်ခဲ့သည်။ ဘီအိုင်အေတပ်မတော်သားအားလုံး၏ စိတ်ထဲတွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယဟူသည့် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ထားကာ တိုက်ပွဲပေါင်းများစွာဆင်နွှဲခဲ့ကြသည်။ ရန်သူအပေါ် တစ်ဝက်တစ်ပျက်မျှသော အောင်မြင်ခြင်းမျိုးမဟုတ်ဘဲ အလုံးစုံအောင်နိုင်ရေး ထက်သန်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် "ပန်းတိုင်မရောက်မီ တက်မထောင်ခြင်း" စိတ်ဓာတ်မရှိဘဲ လုံးဝလွတ်လပ်ရေးကို ရယူပေးခဲ့သည်။ ထို့ပြင် လွတ်လပ်ရေးရပြီးစ ယနေ့အချိန်ထိ တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု လူမှုစီးပွားမြင့်မားတိုးတက်ရေးဟူသည့် သန္နိဋ္ဌာန်စိတ်ဖြင့် အမျိုးသားရေးရည်မှန်းချက်ကို အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ ထမ်းဆောင်လျက်ရှိသည်။

**တပ်မတော်သားများသည် မိမိနိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရိုးကို စည်းရိုးထိုး၍ မိမိလူမျိုးအစွန့်ရှည်ရေးနှင့် မြင့်မားတိုးတက်ရေးအတွက် သွေးချွေးတို့ကို အားဆေးပမာ သန္နိဋ္ဌာန်စိတ်ဖြင့်ပေးဆပ်ကြသည်။**

ဤသည်ကားလည်း "စစ်သားဂုဏ်ရည်" တစ်ရပ်ပင်တည်း။

နိုင်ငံသူ နိုင်ငံသားအားလုံး စစ်မှုထမ်းဥပဒေကိုလိုက်နာပြီး ရခဲသည့်လူ့ဘဝတွင် တိုင်းပြည်နှင့်လူမျိုးအတွက် "စစ်သားဂုဏ်ရည်"ဖြင့် မော်ကွန်းရေးထိုးနိုင်ကြပါစေ။ ။

## လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင်ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပဉ္စမအကြိမ်မြောက်ကျောင်းအခြေပြုသင်တန်းကို အောက်တိုဘာလ ၁၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသားလေးဦး၊ သင်တန်းသူ ၃၀၂ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၃၀၆ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သာယာချမ်းမြေ့ အမျိုးသားနေ့

❖ သူ့ကျွန်အဖြစ်၊ နှံ့မှာနစ်စဉ်
ဆန်းစစ်သေချာ၊ တွေးကြည့်ပါလျှင်
ပညာသင်ကြား၊ ခက်ခဲများကြောင့်
ကျောင်းများတိုးမြှင့်၊ ဖွင့်လှစ်သင့်ပြီ
တွေးချင့်သေချာ၊ တောင်းဆိုပါလည်း
လိုရာမပေး၊ ပညာရေးကြောင့်
အရေးဆိုမှု စတင်ပြု၏။

❖ ကျောင်းသားသပိတ်၊ အောင်အတိတ်ဖြင့်
စိတ်တွင်တူညီ၊ ကိုလိုနီကို
ပြည်သူအားလုံး၊ ရွံ့ရှာမုန်းပြီ
နှလုံးထက်မှာ၊ မျိုးဘာသာတည့်
မြန်မာစာသာ၊ တို့ရဲ့စာတည့်
မြန်မာစကား၊ တို့စကားတည့်
ကြီးပွားတိုးမြင့်၊ ရှိထားသင့်၏။

❖ အမျိုးသားကျောင်း၊ ပေါ်လာကြောင်းနှင့်
စုပေါင်းညီညာ၊ တည်ထောင်ပါသော်
ရင်မှာမှတ်တွေး၊ ပညာရေးသည်
လေးစားမြတ်နိုး၊ ပြည့်ကောင်းကျိုးမို့
အဖိုးထိုက်စွာ၊ ရှိလို့လာသည်
မြန်မာစာပေ၊ မြင့်မားလေ၏။

❖ ထိုမှတစ်ဆင့်၊ ပို၍မြင့်လာ
ဂုဏ်တင့်လာပြီ၊ မြန်မာပြည်မှာ
တည်ရှိကာထား၊ အမျိုးသားနေ့
စ၍ရှင်ပြုံး၊ တန်ဆောင်မုန်းမှာ
အားလုံးညီစွာ၊ သတ်မှတ်ပါပြီ
ရက်မှာတစ်ဆယ်၊ လဆုတ်ဝယ်တည်း။

❖ အမျိုးသားနေ့၊ စဉ်မမေ့ပါ
ချမ်းမြေ့သာယာ၊ လက်တွဲကာနှင့်
မြန်မာဂုဏ်ဟိတ်၊ မျိုးချစ်စိတ်တို့
သိက္ခာမြင့်မား၊ ပိုမိုပွားစေ
အမျိုးသားအရေး၊ ရည်မြော်တွေးကာ
လေးစားကြသည်၊ စိတ်မှာတည်လျက်
တိုင်းပြည်လွတ်လမ်း မှန်းခဲ့သည်။

❖ စဉ်လာမပျက်၊ ပြည့်အတွက်မို့
ဆက်လက်ကျင်းပ၊ ခုကာလတိုင်
မြန်မာ့သမိုင်း၊ ဂုဏ်ရှိန်လှိုင်းကား
တိုင်းလုံးပြည်ကျော်၊ တို့ရှင်ပျော်သည်
ဝင့်မော်ဆန်းတင့် မြင့်သတည်း။
အမျိုးသားဂုဏ်နှင့် ဆင့်သတည်း။ ။

**အာကာမောင်မောင်**

# အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၃

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါ်ဝင်းကေခိုင်အေး**

**(ဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ)**

## ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူလူထုကြီးရှင့်

ကျွန်မကတော့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီမှ ဥက္ကဋ္ဌ ဒေါ်ဝင်းကေခိုင်အေးဖြစ်ပါတယ်ရှင့်။ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုတည်ထောင်ထားတဲ့ တိုင်းဒေသကြီးအဆင့်ပါတီတစ်ခုဖြစ်ပါတယ်ရှင့်။ မိဘပြည်သူများနှင့် ချစ်ခင်လေးစားရပါသော ပါတီဝင်များ၊ မောင်နှမများ၊ သူငယ်ချင်းမိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ မိဘပြည်သူများအားလုံးရဲ့ရင်ထဲမှာ ကိန်းအောင်းစွာ တည်ရှိနေတဲ့ ဒီမိုကရေစီရေး ပြင်းပြဆန္ဒများ ပြည့်ဝကြပါစေလို့လည်း ထပ်ဆင့်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိဘပြည်သူလူထုကြီးရှင့် ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ မူဝါဒ၊ သဘောထား၊ နိုင်ငံရေး ရည်မှန်းချက်များကို မိဘပြည်သူများထံ ပန်ကြားတင်ပြလိုပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်တရာအရေးကြီးလှတဲ့ ဒီမိုကရေစီစနစ်၏ အသက်သွေးကြောဖြစ်သော ရွေးကောက်ပွဲအကြောင်းနှင့် နောင်အနာဂတ်နိုင်ငံတော်အတွက် ပြည်သူများထားရှိလိုက်နာဆောင်ရွက်ရမယ့် စိတ်ဓာတ်နှင့် လုပ်ဆောင်ရန်အချက်များကို ဦးစွာတင်ပြလိုပါတယ်ရှင့်။

၂၈-၁၂-၂၀၂၅ ရက်နေ့မှာ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇) တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟု ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ ဒီမိုကရေစီစနစ်အကြောင်းအနည်းငယ်ရှင်းပြလိုပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် တိုက်ရိုက် ဒီမိုကရေစီ(Direct Democracy) နှင့် (Representative Democracy – ကိုယ်စားပြု ဒီမိုကရေစီ) ဟုနှစ်မျိုးရှိရာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအများစုသည် ကိုယ်စားပြု ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြပါတယ်။ ၎င်းစနစ်အရ ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ကျင့်သုံးကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ ရွေးကောက်ပွဲသည် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများရှင့် ဒီရွေးကောက်ပွဲဟာ စနစ်ပြောင်းခေတ်ပြောင်းရွေးကောက်ပွဲဖြစ်ဖို့ ပြည်သူရဲ့သတ္တိနဲ့ဉာဏ်ပညာကို ထုတ်ဖော်ပြရမယ့်အချိန်ဖြစ်ပါတယ်။ ကျွန်မတို့ မိဘပြည်သူများရဲ့ ရင်ထဲမှာ ဖြစ်စေချင်နေတဲ့ အုပ်ချုပ်မှုပုံစံကို ရွေးကောက်ပွဲတွင် မဲပေးခြင်းဖြင့်သာ ပြောင်းလဲနိုင်ပါတယ်ရှင့်။ ရွေးကောက်ပွဲသည် ပြည်သူများရဲ့ အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော၊ ပြည်သူ၏ သတ္တိကိုပြရတဲ့အလုပ်ဖြစ်ပါတယ်ရှင့်။

ဒီနေရာမှာ သတိပြုရမယ့်အချက်လေးတစ်ချက်ကို ကျွန်မမျှဝေလိုပါတယ်ရှင့်။ နိုင်ငံကောင်းအောင် တိုးတက်အောင်ဆိုတဲ့ နေရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်း၊ တစ်ပါတီစနစ်နဲ့ လုပ်ဆောင်လို့ မရပါဘူးရှင့်။ တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းအတွက် လူထုလူတန်းစားအားလုံး အချိုးညီညီပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မှာပါ။ ကျွန်မတို့ဟာ ဒီမြေမှာနေ၊ ဒီရေကိုသောက်ပြီး အတူတကွ ကြီးပြင်းနေထိုင်လာကြတာပါ။ ပကတိနိုင်ငံရေး၏ အားနည်းချက်၊ အားသာချက်၊ သမိုင်း၏ဆိုးမွေ၊ ကောင်းမွေ၊ အုပ်ချုပ်ရေးစနစ်၏ လိုအပ်ချက်တွေကိုလည်း အတူတကွ ခံစားလာကြတဲ့သူတွေဖြစ်ပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့ တည်ဆောက်ကြရာမှာ ပြည်သူလူထု၏ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှုဟာ အခရာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံး ခက်ခဲနက်နဲမှု အများဆုံးလုပ်ငန်းစဉ်ကတော့ ပြည်သူကရွေးချယ်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ အတွေးမှန် အသိမှန် ဉာဏ်ပညာရှိရှိ တာဝန်သိသိဖြင့် ပြည်သူ့ကိုယ်စား ရဲရဲတင်းတင်း ကိုယ်စားပြုလုပ်ဆောင်ပေးရန် အလွန်အရေးကြီးပါတယ်။ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကတော့ ဒီမိုကရေစီစနစ်ကို ယုံကြည်တယ်၊ ဒီမိုကရေစီရဖို့အတွက်က ဒီမိုကရေစီနည်းလမ်းနဲ့ပဲ ရအောင်လုပ်မယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို ထူထောင်ခဲ့ပြီး အခုလာမယ့်ရွေးကောက်ပွဲမှာ ပြည်သူ့ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ပြည်သူက အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို ဒီရွေးကောက်ပွဲမှာ မဲပေးစေချင်ပါတယ်။ နိုင်ငံရေးဆိုတာဟာ ပြည်သူ၏အကျိုးအတွက် ဖြစ်နိုင်သရွေ့ ညှိနှိုင်းဆောင်ရွက်ရသောအလုပ်ဖြစ်ပါတယ်။ နိုင်ငံရေးသည် နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ဖြစ်ပါတယ်။

လူကြီးမင်းတို့ရဲ့ရင်ထဲမှာ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ အခြေခံအခွင့်အရေး၊ အကာအကွယ်ပေးရေး၊ လွတ်လပ်ခွင့်ရရှိရေးတို့ကို အပြည့်အဝလိုချင်တယ်ဆိုတာကို ကျွန်မအနေနဲ့ မြင်တွေ့ရပါတယ်။ နိုင်ငံကို တိုးတက်စေချင်လျှင် ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ရမယ့် အချက်များစွာရှိပါတယ်။ အဲဒီအချက်တွေထဲကမှ အရေးအကြီးဆုံး ပထမအချက်က မိမိလိုချင်သော တိုင်းပြည်ကို တည်ဆောက်နိုင်တဲ့ အရည်အချင်း၊ပြည့်စုံတဲ့ နိုင်ငံရေးပါတီတစ်ခုထဲက ပြည်သူ့ကိုယ်စားလှယ်ကို ပြည်သူကအားပေးအားမြှောက်ပြုရမှာပါ။ နောက်ဒုတိယအချက်ကတော့ ဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို အမြဲအလေးအနက်ဆောင်ရွက်ပေးမယ့် နိုင်ငံရေးသမားကို မွေးထုတ်မြေတောင်မြှောက်ပေးရပါမယ်။ တတိယအချက်က ပါတီနှင့် နိုင်ငံရေးသမားတွေ အကျင့်ပျက်သိက္ခာမဲ့လုပ်ရပ်တွေ လုပ်လာရင် ပြည်သူများက ရှုတ်ချ၊ ပြစ်တင်၊ ဝေဖန်၊ ပြုပြင်ပေးရပါမယ်။ ဒါတွေကတော့ ယနေ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေမှာ ပြည်သူကပါဝင်ဆောင်ရွက်နိုင်တဲ့ အချက်တွေပဲဖြစ်ပါတယ်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာမှာ တိုင်းရင်းသားလက်နက်ကိုင်များ၏ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖန်တီးနေမှုအားလုံးကို ရပ်တန့်အောင် စုပေါင်းဆွေးနွေးညှိနှိုင်းရန်လိုအပ်ပါသည်။ မငြိမ်းချမ်းသရွေ့ ဒီမိုကရေစီအရေးနှင့် ပြည်သူ့ဘဝတိုးတက်ရေးက အစဉ်နိမ့်ပါးထိခိုက်နေမယ့်အရာလည်းဖြစ်ပါတယ်။ လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကွဲပြားတဲ့လူမျိုးစုတို့ အတူလက်တွဲ စုပေါင်းနေထိုင်တဲ့ ကျွန်မတို့ နိုင်ငံမှာ ဥပဒေအရ တန်းတူညီမျှမှုရှိပြီး ဥပဒေရဲ့ အကာအကွယ်ကို လူတိုင်းမျှတစွာရရှိရပါမယ်။ လူတိုင်း လွတ်လပ်ခွင့်၊ ယုံကြည်ခွင့်၊ ဖော်ထုတ်ခွင့်၊ ဆန္ဒပြခွင့်၊ တင်ပြခွင့် စတဲ့ ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးများကိုလည်း အားလုံးရထိုက်အောင် ဆောင်ရွက်သွားဖို့က အရေးကြီးပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုမှာလည်း စနစ်ကျသော အုပ်ချုပ်မှုယန္တရားဟာ အဓိကကျပါတယ်။ နိုင်ငံရေးပါတီများဟာ မဲဆွယ်ကာလမှာ ကတိကဝတ်တွေပေးခဲ့ကြပေမယ့် အုပ်ချုပ်မှုယန္တရားစနစ်တကျပီပြင်မှုမရှိရင် ကတိမတည်နိုင်ဘဲ ပြည်သူ့ရဲ့ယုံကြည်မှုပျောက်ဆုံးပြီး အဝေဖန်ခံကြရပါတယ်။

ဒီမိုကရေစီခိုင်မာရေးဟာ ဒီနေ့မှာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်နေတဲ့သဘောရှိတယ်ဆိုတာ အားလုံးမျက်မြင်ကိုယ်တွေ့ပါပဲ။အတိတ်ရဲ့ ကောင်းမွေ၊ ဆိုးမွေတွေကိုလက်ဆင့်ကမ်းသယ်ဆောင်သင့်တာတွေကို သယ်ဆောင်၊ သင်ခန်းစာယူသင့်တာတွေကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရာမှာ စိတ်ရှည်သည်းခံပြီး ဒီမိုကရေစီစံနှုန်းပြည့်တဲ့ အခြေအနေတွေကို တဖြည်းဖြည်း၊ သတ္တိရှိရှိနဲ့ကူးပြောင်းရပါမယ်။

ပြည်သူ့ဘဝတိုးတက်ရေးအတွက် ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ သဘောထားကို ဆက်လက်တင်ပြပါရစေရှင့်။

ပြည်သူ့ဘဝတိုးတက်ရေးလို့ ပါတီအဖွဲ့အစည်းအသီးသီးက ပြောနေကြပေမယ့် လွယ်လွယ်ကူကူ ကိစ္စမဟုတ်တဲ့အပြင် အဘက်ဘက်မှာဆက်နွှယ်နေတဲ့ အကြောင်းတရားတွေ များစွာရှိပါတယ်ရှင့်။ ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ အသိမ်မွေ့ဆုံးနဲ့ ခက်ခဲနက်နဲပြီး ရှုပ်ထွေးမှုအများဆုံးလုပ်ငန်းစဉ်တစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်။ ပြည်သူ့ဘဝတိုးတက်မြင့်မားဖို့ဆိုတာက တိုင်းပြည်ရဲ့ စီးပွားရေးကောင်းမွန်နေဖို့လိုသလို နိုင်ငံသားတစ်ဦးချင်းစီရဲ့ ထုတ်ကုန်တန်ဖိုးအများဆုံးဖြစ်နေဖို့လည်းလိုအပ်ပါတယ်။ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ရာမှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်အလုံအလောက် ထုတ်လုပ်သုံးစွဲနိုင်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက် စီးဝင်လာစေဖို့၊ လယ်ယာထွက်ကုန်ဈေးကွက်များ ပြည်ပသို့ ထိုးဖောက်ရှာဖွေနိုင်ဖို့၊ အလတ်စားနဲ့အကြီးစား စက်မှုလုပ်ငန်းတွေ တစ်ဟုန်ထိုး ကြီးထွားတိုးတက်လာဖို့၊ ပြည်တွင်းမှာ အလုပ်အကိုင်တိုးတက်များပြားစေပြီး အလုပ်လက်မဲ့နည်းပါးစေဖို့ စသည့် လုပ်ဆောင်စရာအချက်တွေ မြောက်မြားစွာရှိပါတယ်။

ဒါတွေကို အစိုးရက အခွင့်အလမ်းသာတဲ့ ဥပဒေပုဒ်မတွေနဲ့ အားပေးဖို့ အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့ တင်းကျပ်သော စီးပွားရေးမူဝါဒများမချမှတ်ဖို့လိုပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း လုပ်ကိုင်ခွင့်အပြည့်အဝရရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေကို ပီပြင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံသားလုပ်ငန်းရှင်များအားတစ်ခုမေတ္တာရပ်ခံလိုပါတယ်။ မိမိလုပ်ကိုင်ခွင့်ရရှိထားသော လုပ်ငန်းများအား ကျိန်းသေသေချာပေါက် အကောင်အထည်ဖော်ကာ တိုင်းပြည်၏ GDP တိုးတက်စေဖို့အတွက် ကူညီဆောင်ရွက်ရပါမယ်။ အခွန်ငွေများအား တိုင်းပြည်ကရရှိအောင် သေချာသောနည်းလမ်းဖြင့် အခွန်ထမ်းဆောင်ရန်မှာ အလွန်အင်မတန်အရေးကြီးလှပါတယ်။ လုပ်ကိုင်တဲ့နေရာမှာလည်း အာဏာရအစိုးရကလည်း အဂတိမဖက်ပွင့်လင်းမြင်သာတဲ့အစိုးရဖြစ်ပြီး ပြည်သူ့အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ မိမိပါတီအဖွဲ့အစည်းတစ်ခုကောင်းစားရေးကို ရှေ့တန်းမတင်တဲ့ အစိုးရတစ်ရပ်ဖြစ်ရပါမယ်ရှင့်။

ပြည်သူတွေက ယုံကြည်လို့ အပ်နှင်းလိုက်တဲ့ အစိုးရအာဏာကို ပြည်သူ့အတွက် စင်ကြယ်သန့်ရှင်းစွာ ကျင့်သုံးမယ်ဆိုရင် ပြည်သူတွေက ကျေနပ်အားရစွာ ဝန်းရံထောက်ခံနေမှာဖြစ်ပါတယ်။

နောက်တစ်ချက်တင်ပြလိုတာကတော့ ယနေ့အချိန်အခါမှာ ကမ္ဘာနှင့်တစ်ဝန်း မည်သည့်နိုင်ငံမဆို မည်သည့်အစိုးရကိုကြည့်ကြည့် နိုင်ငံကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ဂုဏ်သိက္ခာမြင့်မားရေးအတွက် တပ်မတော်တစ်ရပ်ကို ခေတ်မီတောင့်တင်းအောင် ဦးစားပေးတည်ဆောက်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ပြည်ထောင်စုကြီးကို ကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်တစ်ခုသည် မရှိမဖြစ်လိုအပ်တယ်လို့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီမှ ခံယူပါတယ်။ မဲဆန္ဒရှင်လူထုကြီးရှင့် မဲဆန္ဒရှင်လူထုကြီးကို ကျွန်မတို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ **စာမျက်နှာ ၂၅ သို့ ➤**

➤ စာမျက်နှာ ၂၄ မှအဆက်

အလံ၊ တံဆိပ်၊ မူဝါဒသဘောထား၊ နိုင်ငံရေးခံယူချက်၊ နိုင်ငံရေး ရည်မှန်းချက်များကိုလည်းတင်ပြလိုပါတယ်။ အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ၏ အလံမှာ အပြာရောင်၊ နောက်ခံတွင် အဝါ၊ အစိမ်း၊ အနီ မြားသုံးချောင်းမှ အဖြူရောင်ကြယ်တစ်လုံးအား ထောက်မ ပင့်တင်ထားသည့်ပုံဖြစ်ပါသည်။ ပါတီအလံ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အပြာရောင်နောက်ခံသည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန် တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ပြည်ထောင်စုသား အားလုံး တစ်ပြေးညီ တစ်သားတည်းဖြစ်ခြင်း စသည့်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။

အဖြူရောင်ကြယ်ဖြူတစ်လုံး၏ သဘောမှာ တစ်နိုင်ငံလုံးကို တစု တစည်းတည်း တည်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်ခြင်း၊ ကြယ်၏ သဘောသဘာဝဖြစ်သော သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ် မှန်ကန်ခြင်း၊ ကရုဏာတရားကြီးမားခြင်း၊ ကိုယ်ပိုင်အလင်းရောင်နှင့် ရပ်တည်နိုင်ပြီး မိမိလမ်းကြောင်းကို စွမ်းအင်ပြည့်ဝစွာဖြင့် ဖြောင့်တန်းစွာ သွားခြင်း စသည့်အဓိပ္ပာယ်ကိုဖွင့်ဆိုပါသည်။

အဝါရောင်မြားသည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာ ကြီးမားခြင်း၊ ပျော်ရွှင်ခြင်းအတိဖြင့် တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်မှုအားနှင့် ပြည်ထောင်စုကြယ်ဖြူကြီးအား ထောက်မတွန်း တင်သည့်အဓိပ္ပာယ်ဖြစ်ပါသည်။

အစိမ်းရောင်မြားသည် နိုင်ငံတော်၏ ပေါကြွယ်သည့် မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ စိုက်ပျိုးမြေတို့အား အသုံးချပြီး အေးချမ်းသာယာစိမ်းလန်းစိုပြည်ရန် စည်ပင်ဖွံ့ဖြိုးမည့် ပြည်ထောင်စု ကြယ်ဖြူကြီးအား ထောက်မတွန်းတင်ထားသည့်အဓိပ္ပာယ်ဖြစ်ပါသည်။

အနီရောင်မြားသည် နိုင်ငံတော်ကိုယ်စားပြု ကြယ်ဖြူကြီးအား နှောင့်ယှက်ဖျက်ဆီးမည့်ဘေးအန္တရာယ်ပေါ်မှ ရဲရင့်ပြတ်သားစွာကာကွယ် စောင့်ရှောက်သွားမည့်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါသည်။

အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ မူဝါဒများသည် အမျိုးသား ရေး၊ ဒီမိုကရေစီရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေခံအယူအဆများကို အထူးအလေးထားပါသည်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူလူထုအပေါင်းတို့ရှင့် ကျွန်မ တို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီအနေဖြင့် လက်ရှိဖြစ်ပေါ်နေ သော ပြဿနာတွေကို ကျွန်မတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူလူထုအပေါင်းတို့ကလည်း မိမိနိုင်ငံတော်ကြီး တိုးတက်ကောင်းမွန်နေသည်ကိုသာ မြင်လိုတွေ့လိုဖြစ်ချင်လိုသော ဆန္ဒရှိသည်ဟု ကျွန်မအနေဖြင့် အပြည့်အဝယုံကြည်ပါသည်။ ပြည်သူ လူထုတစ်ရပ်လုံးနှင့် တောင့်ခံထားခဲ့ရသော သမိုင်း၏ ဆိုးမွေတွေကနေ လွတ်မြောက်အောင် လုပ်ဆောင်ရမယ့် အချိန်လည်းဖြစ်ပါတယ်။ ကျွန်မ တို့အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် “အမှန်တရားလည်း ဖြစ်ရမည်၊ ခွန်အားလည်းဖြစ်ရမည်၊ အားလုံးဟာ ပြည်သူ့အတွက်၊ အားလုံးဟာ နိုင်ငံအတွက်” ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီဝင်အားလုံးက ကြိုးပမ်း ဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း အလေးအနက်ဖော်ထုတ် ပြောကြားလိုပါတယ်။ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့နှင့် အနာဂတ် မျိုးဆက်သစ်များအတွက် မည်သို့သောနိုင်ငံကို လက်ဆင့်ကမ်းအမွေ ပေးလိုပါသလဲရှင့်။

ယခုလာမည့်ရွေးကောက်ပွဲတွင် အမျိုးသားနိုင်ငံရေးအားမာန်သစ် ပါတီဝင်ရောက်ယှဉ်ပြိုင်သော မြို့နယ်အသီးသီးမှ မဲဆန္ဒရှင်ပြည်သူ လူထုအားလုံးမှ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီအား သောင်ပြိုကမ်းပြိုမဲပေးခြင်းအားဖြင့် ဒီမိုကရေစီရေး၊ ပြည်သူ့ဘဝ တိုးတက်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် အတူတကွ အနာဂတ်နိုင်ငံ တော်ကို ဖန်တီးဖို့ “အားမာန်သစ်ကို မဲပေးကြပါစို့” လို့ ကျွန်မအနေနှင့် တောင်းဆိုလိုပါတယ်ရှင့်။ မိဘပြည်သူများရှင် ဒီရွေးကောက်ပွဲမှာ မဲပေးခြင်းဟာ နောင်လာမယ့် ၅ နှစ်မှာဖြစ်လာမယ့် အစိုးရအတွက် မိမိ၏အနာဂတ်ကိုဖန်တီးပေးမယ့် လွှတ်တော်အတွင်းရှိ မိမိအား ကိုယ်စားပြုမည့်သူအား ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ မတရားသော အမှုအပေါ်မှ ဥပဒေပြုရေး၊ အုပ်ချုပ် ရေး၊ တရားစီရင်ရေး၊ အာဏာသုံးရပ်လုံးတွင် ဝင်ရောက်ကာကွယ်ပေး နိုင်ရန် ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီသည် မိမိတို့၏ ခွန်အားရှိသည့်အတိုင်း အစွမ်းကုန်ဆောင်ရွက်သွားပါ့မယ်လို့ ကတိ သစ္စာပြုပါသည်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်မတို့ရဲ့ အမျိုးသား နိုင်ငံရေးအားမာန်သစ်ပါတီဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ပြည်သူများရဲ့ ပြဋ္ဌာန်းဆုံးဖြတ်ချက် များကို လေးစားစွာခံယူလိုက်နာသွားမှာဖြစ်ပါတယ်။ မည်သို့သော အခြေအနေဖြစ်ပါစေ၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ပြည်သူ့ဘဝ တိုးတက်ရေးတို့ကို မမိုတ်မသုန် ဆောင်ရွက်သွားပြီး တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် အစဉ်အမြဲ သန္နိဋ္ဌာန်ချထားပါတယ်ဆိုတဲ့အကြောင်းပြောကြားရင်းနဲ့ ကျွန်မတို့ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီရဲ့ ပြည်သူများထံ ပန်ကြားတင်ပြမှုကို ဒီနေရာမှာပဲ ရပ်နားလိုက်ရပါတယ်ရှင်။ မိဘပြည်သူ အပေါင်း အေးချမ်းသာယာပျော်ရွှင်သော အနာဂတ်နိုင်ငံတော်အား ရရှိပါစေကြောင်း ဆုတောင်းပေးပါတယ်ရှင့်။ ။

# အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း အဆုံးသတ်သွားသော်လည်း နောက်တစ်ကြိမ်ပြန်ဖြစ်ပေါ်နိုင်ခြေရှိ



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံ၌ အစိုးရအဖွဲ့၏လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းသည် ၄၃ ရက်ကြာမြင့်ခြင်းဖြင့် စံချိန်တင်ပြီးနောက် ယခုအခါ ထိုသို့ရပ်ဆိုင်းခြင်းက အဆုံးသတ်သွားပြီဖြစ်သော်လည်း နောက်တစ်ကြိမ် အလားတူအခြေအနေမျိုး ပြန်လည်ဖြစ်ပေါ်နိုင်ခြေရှိနေသေးကြောင်းသိရသည်။

အမေရိကန်အထက်လွှတ်တော်သည် အစိုးရအဖွဲ့အသုံးစရိတ်အတွက် ကြိုတင်ငွေသတ်မှတ်ပေးသည့်ဥပဒေကို ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းဖြင့်အတည်ပြုပြီးနောက် နှစ်ရက်အကြာ နိုဝင်ဘာလ ၁၂ ရက်တွင် ကွန်ဂရက်က ထိုဥပဒေကိုထပ်မံအတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ ယင်းနောက်တွင် သမ္မတဒေါ်နယ်ထရမ့်က ထိုဥပဒေကို အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနေခြင်းအဆုံးသတ်သွားခြင်းဖြစ်သည်။

သို့သော် ယခုဥပဒေသည် လာမည့်နှစ် ဇန်နဝါရီလ ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ယင်းမတိုင်မီ နှစ်လအတွင်း ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်တို့အနေဖြင့် ကျန်ရှိနေသည့် အသုံးစရိတ်အတွက် အတည်ပြုရန်လိုအပ်မည်ဖြစ်သည်။ ထိုသို့အတည်ပြုနိုင်ရေးမှာလည်း ပါတီကြီးနှစ်ခုကြား ညှိနှိုင်းမရနိုင်သည့် တောင်းဆိုချက်အသီးသီးရှိနေဆဲဖြစ်သောကြောင့် နောက်ထပ်တစ်ကြိမ်အစိုးရအဖွဲ့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းနိုင်သည့် အလားအလာရှိနေခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# အာဖဂန်နစ္စတန်နိုင်ငံသားများက ပါကစ္စတန်၌ အသေခံဗုံးခွဲမှုများ ပြုလုပ်ခြင်းဖြစ်ဟုဆို

**အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု**

အာဖဂန်နစ္စတန်နိုင်ငံသားများက ယခုသီတင်းပတ်တွင် ပါကစ္စတန်နိုင်ငံ၌အသေခံဗုံးခွဲမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုသို့အသေခံဗုံးခွဲမှုများအနက်တစ်ခုမှာ အစ္စလာမ်မာဘတ်မြို့၌ဖြစ်ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး မိုဆင်းနာဗီက နိုဝင်ဘာလ ၁၃ ရက်တွင်ပြောသည်။

ထိုအိမ်နီးချင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးတင်းမာမှုများမြင့်တက်နေစဉ် ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါအသေခံဗုံးခွဲမှုများတွင် ပါဝင်သူများအားလုံးသည် အာဖဂန်နစ္စတန်နိုင်ငံသားများဖြစ်သည်ဟု ဖော်ထုတ်နိုင်ခဲ့ကြောင်း မိုဆင်းနာဗီကလွှတ်တော်တွင် ပြောခြင်းဖြစ်သည်။

နိုဝင်ဘာလ ၁၁ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးက အစ္စလာမ်မာဘတ်မြို့ရှိ အောက်တရားရုံးတစ်ခုအပြင်ဘက်၌ ကိုယ့်ကိုယ်ကိုယ်အသေခံဗုံးခွဲလိုက်ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်တွင်လူ ၁၂ ဦးသေဆုံးကာ ၂၇ ဦးဒဏ်ရာရရှိသည်။

နောက်ထပ်တိုက်ခိုက်မှုတစ်ခုသည် နိုဝင်ဘာလ ၁၀ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး တောင်ဝါဇီရစ္စတန်ခရိုင်ရှိ စစ်သင်တန်းကျောင်းတစ်ခု၏ဝင်ပေါက်၌ အသေခံဗုံးခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသောကားဖြင့်ဝင်တိုက်ပြီး ဗုံးခွဲမှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**Ref: ST**

# ဘန်ကောက်၌ လေထုညစ်ညမ်းမှုအခြေအနေက အန္တရာယ်ရှိသောအဆင့်သို့ရောက်ရှိနေ

**ဘန်ကောက်၊ လေထုညစ်ညမ်းမှု**

ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုအခြေအနေသည် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနေကြောင်း၊ နယ်မြေ ၁၂ ခုတွင် လေထုအရည်အသွေးသည် အန္တရာယ်ရှိသောအခြေအနေဖြစ်ပေါ်နေသောကြောင့် ပြည်သူများအနေဖြင့်သတိပြုနေထိုင်သင့်ကြောင်း တာဝန်ရှိသူများကတိုက်တွန်းထားသည်။

မြို့အတွင်းရှိလေထုတွင် PM2.5 အမှုန်ပါဝင်မှုသည် ဘေးကင်းသောအဆင့်ထက်ကျော်လွန်နေကြောင်း၊ ပျမ်းမျှအားဖြင့် ၁ ကုဗမီတာတွင် ၃၂ ဒသမ ၄ မိုက်ခရိုဂရမ်ပါဝင်နေကြောင်း၊ လေထုညစ်ညမ်းမှုအဆိုးဆုံးဖြစ်သည့် ဘန်ကုမ်နှင့် လတ်ခရာဘန်းတို့ကဲ့သို့သော နယ်မြေများတွင် ထိုအမှုန်ပါဝင်မှုမှာ ၁ ကုဗမီတာတွင် ၄၆ ဒသမ ၉ မိုက်ခရိုဂရမ်နှင့် ၄၆ ဒသမ ၅ မိုက်ခရိုဂရမ်အသီးသီးပါဝင်နေကြောင်း၊ ယင်းပမာဏသည် လူထုအတွက်ထင်ရှားသည့်ကျန်းမာရေးဆိုးကျိုးများကိုဖြစ်စေနိုင်ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၁၃ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိရာသီဥတုအခြေအနေများအရ လေထုညစ်ညမ်းမှုသည် ဆက်လက်ဖြစ်ပွားနိုင်ခြေရှိသောကြောင့် ပြည်သူများအနေဖြင့် အရေးကြီးကိစ္စမရှိဘဲအပြင်မထွက်ရန်နှင့် အပြင်ထွက်ရပါကလည်း နှာခေါင်းစည်းတပ်ရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

**Ref: ST**



# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၃

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီဒုတိယဥက္ကဋ္ဌ နော်အုန်းလှနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နော်စုစုလှိုင်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**နော်အုန်းလှ(ဒုတိယဥက္ကဋ္ဌ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ)**

မင်္ဂလာပါရှင့်..............။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်မကတော့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ နော်အုန်းလှဖြစ်ပြီး ပါတီရဲ့မူဝါဒသဘောထားများကို မိဘပြည်သူအများသိရှိနိုင်ဖို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့မှာ ပထမအကြိမ်၊ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့မှာ ဒုတိယအကြိမ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်၍ ပါတီတည်ထောင်ခဲ့ပါတယ်။ ပါတီကို ဦးဆောင်တည်ထောင်သူများဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စည်းရုံးဟောပြောခွင့် စတဲ့ လူမှုအခွင့်အရေးများနဲ့ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ လူ့အခွင့်အရေးစံနှုန်းများကို တန်းတူရည်တူရရှိခံစားနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ပြည်သူတစ်ရပ်လုံး ဥပဒေကခွင့်ပြုထားတဲ့ခံစားခွင့်များကို အပြည့်အဝရရှိခံစားနိုင်ဖို့၊ ဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေဖို့နဲ့ တရားဥပဒေစိုးမိုးတဲ့ လူမှုဝန်းကျင်များဖြစ်ပေါ်လာရေး ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဦးတည်ချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မူဝါဒချင်းရည်ရွယ်ချက်ချင်းတူညီတဲ့ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်အခြေစိုက်နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ ဆွေးနွေးညှိနှိုင်းပြီး ပြည်နယ်ဆိုင်ရာကိစ္စရပ်များကို လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူဝါဒချင်းတူညီတဲ့ ပြည်နယ်အခြေစိုက် တိုင်းရင်းသားနိုင်ငံရေးပါတီများနဲ့ မဟာမိတ်ဖွဲ့ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

တိုင်းရင်းသားအချင်းချင်းကူညီရိုင်းပင်းမှု၊ လေးစားအသိအမှတ်ပြုမှု၊ ယုံကြည်မှုနဲ့ ပန်းတိုင်းဖူးပွင့်ပိုင်ခွင့်ရှိတဲ့ စုံလင်ကွဲပြားမှုရဲ့ ညီညွတ်သောစုပေါင်းအင်အားနဲ့ တိုင်းပြည်ကို တိုးတက်စေရပါမယ်။ စုံလင်ကွဲပြားမှုကို ပြည်ထောင်စုရဲ့စံတန်ဖိုးအဖြစ် စွဲကိုင်ထားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုကြီးမှာ လူ့အခွင့်အရေးကို လေးစားလိုက်နာရမယ့် စံတန်ဖိုးတစ်ခုအဖြစ် သတ်မှတ်ရပါမယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို ထောက်ခံအားပေးရမယ့်အပြင် လေးစားလိုက်နာမှုလည်းရှိရပါမယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ ကြံ့ရာပါမဖြစ်စေဖို့နဲ့ ချိုးဖောက်မှုတွေကို ဆန့်ကျင်တားဆီးကာကွယ်ရပါမယ်။

စီမံကိန်းကြီးများကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့ဖန်တီးတဲ့ လုပ်ရပ်များကြောင့်ဖြစ်စေ၊ လက်နက်ကိုင်တိုက်ပွဲများကြောင့်ဖြစ်စေ နေရပ်စွန့်ခွာပြောင်းရွှေ့ရသူများနှင့် ဒုက္ခသည်များအပေါ် ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးပေးရပါမယ်။ သူတို့အတွက် အခြေခံလူမှုဘဝလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးရပါမယ်။

ပြည်ထောင်စုရဲ့အခြေခံအင်အားဟာ အလုပ်သမား၊ တောင်သူလယ်သမားများဖြစ်တဲ့အတွက် အလုပ်သမား၊ တောင်သူလယ်သမားများနဲ့ ၎င်းတို့မိသားစုများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းစွာအသက်ရှင်ရပ်တည်နိုင်ရေး၊ အနာဂတ်ဘဝလုံခြုံရေး၊ လူ့အခွင့်အရေးရရှိရေး၊ တရားမျှတရေး၊ တန်းတူညီမျှရေး၊ သာတူညီမျှရေးတွေအပြင် လူ့ဂုဏ်သိက္ခာနဲ့အညီ ဆက်ဆံခံရရေး ကြိုးပမ်းဆောင်ရွက်ပေးပါမယ်။ လုပ်အားကိုအခြေခံသော်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် နိုင်ငံတွင်းပြဋ္ဌာန်းဥပဒေနဲ့သာမက နိုင်ငံတကာစံနှုန်းများနဲ့အညီ အာမခံချက်ပေးနိုင်သည့်အစိုးရ ပေါ်ပေါက်ရေးတွန်းအားပေးဆောင်ရွက်သွားပါမယ်။

အလုပ်သမားနဲ့တောင်သူလယ်သမားတို့ရဲ့ နေ့စဉ်လူမှုဘဝလုံခြုံမှု၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု၊ အလုပ်သမားများရဲ့ အုပ်စုလိုက်ခံစားခွင့်၊ တစ်ဦးချင်းခံစားခွင့်ဆိုင်ရာ ထိခိုက်နစ်နာမှုအတွက် ဥပဒေအရ အကာအကွယ်ရယူပိုင်ခွင့်၊ လူမှုဝန်းကျင်နဲ့ သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှု၊ လွတ်လပ်ပျော်ရွှင်မှုများ စနစ်တကျခံစားခွင့်ရရှိနိုင်ရေး စတာတွေကို သက်ဆိုင်ရာအစိုးရက ဖန်တီးပေးနိုင်ဖို့ မူဝါဒချမှတ်ဆောင်ရွက်သွားပါမယ်။

အလုပ်သမားနဲ့ တောင်သူလယ်သမားအစည်းအရုံးများကို လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ခွင့်၊ အလုပ်ရှင်နဲ့ အလုပ်သမားများအကြား လုပ်ခလစာကို စေ့စပ်ညှိနှိုင်းခွင့်ရှိရပါမယ်။ အတင်းအဓမ္မခိုင်းစေခြင်း၊ ကလေးများကို အလုပ်ခိုင်းစေခြင်းတွေ ဥပဒေအရတားမြစ်ထားရပါမယ်။ လုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းအပေါ် အခြေခံတဲ့ ခွဲခြားဆက်ဆံခြင်းကို ရှောင်ကြဉ်ရပါမယ်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ လူသားတစ်ဦးရဲ့ အခြေခံအကျဆုံးရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးဖြစ်ပါတယ်။ လူတိုင်းဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိရပါမယ်။ မိမိယုံကြည်ချက်ကို လွတ်လပ်စွာကိုင်စွဲပိုင်ခွင့်၊ သတင်းအချက်အလက်နဲ့ အတွေးအမြင်အယူအဆများကို လက်ခံပိုင်ခွင့်၊ ဖန်တီးဖြန့်ဝေပိုင်ခွင့်ရှိရပါမယ်။

ဆက်လက်ပြီးတော့ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း နော်စုစုလှိုင်က ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။



**နော်စုစုလှိုင်(ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ)**

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

ကျွန်မကတော့ ကရင်တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း နော်စုစုလှိုင်ဖြစ်ပါတယ်။

ပညာရေးဟာပြည်ထောင်စုရဲ့ အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ခေတ်မီပြီး လက်တွေ့အသုံးချနိုင်တဲ့ပညာရေးစနစ်ကိုဖော်ဆောင်ရပါမယ်။ လူ့အခွင့်အရေးကို အခြေခံတဲ့ ပညာရေးစနစ်တည်ဆောက်ရပါမယ်။ ဗဟုဘာသာစကားသင်ကြားတဲ့စနစ်နဲ့ မိခင်ဘာသာစကား




အခြေပြုပညာရေးစနစ်တို့ကို ဦးတည်တဲ့ ပညာသင်ကြားမှုစနစ်ဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ သက်ဆိုင်ရာဒေသအလိုက် တိုင်းရင်းသားဘာသာစာပေနဲ့စကားများကို သင်ကြားခွင့်ရရှိစေရေး ဆောင်ရွက်မယ့်အပြင် လိုအပ်တဲ့ကူညီထောက်ပံ့မှုများရရှိရေး ကြိုးပမ်းသွားပါမယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားပညာရေးကျောင်းများတရားဝင်ရပ်တည်ခွင့်ရှိရေး ဆောင်ရွက်သွားပါမယ်။

ဘာသာစကားများနဲ့ ယဉ်ကျေးမှုများကို လေးစားခြင်းက ငြိမ်းချမ်းရေးနဲ့ အပြန်အလှန်ဆွေးနွေးခြင်းကို တည်ဆောက်ထိန်းသိမ်းတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတို့ရဲ့ ဘာသာစကားနဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သင်ယူပိုင်ခွင့်၊ ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများကို ရယူပိုင်ခွင့်၊ မိမိတို့ရဲ့ဘာသာစကားနဲ့ ယဉ်ကျေးမှုဆိုင်ရာများကို ဆက်သွယ်ရေး သတင်းမီဒီယာတွေမှာ ကျိုးကြောင်းဆီလျော်စွာ ထုတ်ဖော်ပြသပိုင်ခွင့်၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုစီးပွားဆိုင်ရာ ဆက်သွယ်လှုပ်ရှားမှုများမှာ မိမိတို့ရဲ့ ဘာသာစကားကို အာရုံစိုက်စေရေး ရယူဆောင်ရွက်ပိုင်ခွင့် စတဲ့လူမျိုးစုများရဲ့ စုပေါင်းအခွင့်အရေးများကိုလည်း အာမခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**ချစ်ခင်လေးစားအပ်ပါသောပြည်သူများရှင့်**

အချုပ်အခြာရဲ့ မူလအရင်းအမြစ်ဟာ ပြည်သူတို့သာဖြစ်ကြောင်း၊ နိုင်ငံ့အာဏာဟာ ပြည်သူ့လက်ထဲမှာရှိကြောင်း သက်သေထူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင့်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ**

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်) ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (အဖြူရောင်ပုဆိန်နှစ်လက်)

ရဲရဲရင့်ရင့် နှလုံးသား**သစ္စာ** ဒို့အလံကို အနီရောင်ခြယ်
ဝိုင်းစက်အနက်သည် လေးနက်တည်ကြည်
အဓိဋ္ဌာန်ရှေ့ဆက်အမြဲ ခိုင်မယ်
ပုဆိန်နှစ်လက်အဖြူရောင်သင်္ကေတ ရှင်းသန့်ဖြူစင်စွာ ပြည်သူ့အန္တရာယ် ဒို့ကာကွယ်
ကြယ်ဖြူရှစ်ပွင့် ဝန်းရံလျက် ညီနောင်တိုင်းရင်းသား ချစ်ကြည်ဖွဲ့
ပြည်သူ့အတွက် ဒို့ပါတီ အောင်လံထူမယ် မိုးယံထက်မှာ လွင့်ပျံ့ဝင့်ထည်
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (အဖြူရောင်ပုဆိန်နှစ်လက်)
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
(အဖြူရောင်ပုဆိန်နှစ်လက်)
ပြည်သူ့ဆန္ဒ ဒို့ဖြည့်စွမ်း လူ့အခွင့်အရေးလည်း ဒို့ကာကွယ်
ကျေးလက်ပြည်သူဖြိုးပွင့်ဝေမည်
သီးပွင့်ရတနာစိမ်းလန်းဝေစည်
လယ်သမားအလုပ်သမားဘဝမြင့်မား
စားဝတ်နေမှုကြံ့ဆောင်မည်
အမျိုးနဲ့ ဘာသာ မခွဲခြား ကူညီ
တွဲလက်ခိုင်ကျည် အားသစ်မာန်ချီ
ပြည်မြန်မာစီးပွားရေးကို အရှိန်အဟုန်မြှင့်
ပညာရည်တိုးတက်စွမ်းဆောင်ယုံကြည်ခြင်း
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်)
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ(အဖြူရောင်ပုဆိန်နှစ်လက်)

ညအိပ်ထွက်ရန် အဆင်မပြေသူများ၊
အချိန်ပြည့်အားမထုတ်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း
မရသေးသူများ၊ အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံ
ရလိုသူများအတွက် အထူးရည်ရွယ်ဖွင့်လှစ်သော

**လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတပည့်ကမ္မဋ္ဌာနာစရိယများပြသပေးသော

**လယ်တီ–နေ့(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း**

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ ပဒုက္ကာ့မြေရုံမှာ လစဉ် အင်္ဂလိပ်(၁၅)ရက်မှ (၂၄)ရက်ထိ
နေ့လယ် (၁၂:၃၀) မှ (၄:၁၀) နာရီအတွင်း လာရောက်နာယူအားထုတ်နိုင်ပါသည်။

ဆက်သွယ်ရန်–ဆရာဦးစိုးနိုင်(လယ်တီကမ္မဋ္ဌာနာစရိယ) ၀၉–၂၅၈၉၁၄၄၁၃

**ပျောက်ဆုံးကြောင်း**

မမီမီဝင်း(ဘ)ဦးတင်ကိုကို(ခ)ဦးတင်ကို ၁၀/ခဆန(နိုင်)၁၃၁၈၆၀ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၈၂၂၀၀၀၇

**ပျောက်ဆုံးကြောင်း**

မိအေးအေးခိုင်(ဘ)ဦးငွေသွင် ၃/ဘအန(နိုင်)၂၆၉၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 741487)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

နန်းကိန်ခမ်း(ဘ)ဦးစိုင်းဆိုင်လှိုင်း ၁၃/နခန(နိုင်)၀၇၈၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 853625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၄၀၆၇၁၄၄

**ပျောက်ဆုံးကြောင်း**

စိုင်းထီးဆိုင်(ဘ)ဦးမောင်ရွှေ ၇/သနပ(နိုင်)၁၂၃၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၆၀၆၃၁၇၆၇

**ပျောက်ဆုံးကြောင်း**

ရွှန်းရတီအိမ့်(ဘ)ဦးဇော်ဝင်းနိုင် ၁၂/တမန(နိုင်)၁၄၆၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၂၃၉၅၇၉၃

**ပျောက်ဆုံးကြောင်း**

ခင်ထွေး(ဘ)ဦးပဲ ၁၂/မဘန(နိုင်)၀၆၇၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၀၂၀၉၃၁၄

**ပျောက်ဆုံးကြောင်း**

ညောင်ဦးမြို့နယ်၊ သူငွေးကန်ကျေးရွာနေ နန်းထိုက်ဦး(ဘ)ဦးခင်မောင်ညို ၉/ညဥန(နိုင်)၁၆၁၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၄၇၁၁၆၇၉

**ပျောက်ဆုံးကြောင်း**

မအားမေ(ဘ)ဦးအားဆား ၁၃/တလန(နိုင်)၀၀၇၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၅၁၇၉၇၇၂၂

**ပျောက်ဆုံးကြောင်း**

စောဟန်မျိုးနောင်(ဘ)ဦးစောဟန်နီထွန်း ၃/ဘအန(နိုင်)၁၆၁၃၅၉ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 881367)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

နေမင်းမိုးထက်(ဘ)ဦးသန်းနွယ် ၁၂/တမန(နိုင်)၁၂၄၃၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၀၅၂၂၄၆၆

**ပျောက်ဆုံးကြောင်း**

ကြည်စိုး(ဘ)ဦးကြည် ၈/ပဖန(နိုင်)၀၇၉၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၀၁၆၁၃၇၁၁

**ပျောက်ဆုံးကြောင်း**

လှိုင်မင်းဦး(ဘ)ဦးအောင်မိုး ၁၂/မဘန(နိုင်)၁၃၈၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၅၃၇၃၂၇၈

**ပျောက်ဆုံးကြောင်း**

ဆန်းဦး(ဘ)ဦးရွှေငို ၃/ကဆက(နိုင်)၀၇၉၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၅၁၃၃၁၅၂

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပတ္တမြားလမ်းနေ မင်းကိုကို(ဘ)ဦးလှစိုး ၇/ဒဥန(နိုင်)၁၅၈၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၇၇၉၂၁၀၃

**ပျောက်ဆုံးကြောင်း**

ဆုမွန်ဝင်း(ဘ)ဦးလှဝင်း ၁၂/မရက(နိုင်)၁၄၄၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

## ကန့်ကွက်နိုင်ပါသည်

ASTRO COMPANY LIMITED အား U MAUNG HLA(12/TAMANA(N)104216)မှ မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ASTRO COMPANY LIMITED မှ ဒါရိုက်တာU PHYO KYAW (9/MAKHANA(N)259990) မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ U PHYO KYAW မှ ASTRO COMPANY LIMITED ၏ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ်ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

U PHYO KYAW
[9/MAKHANA(N)259990]
ဖုန်း–၀၉–၅၁၉၈၄၆၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဆေးကုဌာနရှိ Cath Lab(Angiography System) စက်၏ Spare Part များ ပြုပြင်လဲလှယ်ရန်အတွက် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – ၂၁-၁၁-၂၀၂၅ (သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် – ၄-၁၂-၂၀၂၅ (ကြာသပတေးနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

**ပျောက်ဆုံးကြောင်း**

မေဇင်ဝင်း(ဘ)ဦးဗိုလ်လေး ၈/ဂဂန(နိုင်)၁၃၁၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နန်းချစ်ကွန်း(ဘ)ဦးအောင်သိန်း ၃/ဘအန(နိုင်)၂၁၅၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 744221)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**

အထက(၁)ရွှေပြည်သာ၊ Grade–10 မှ မောင်စွမ်းရည်ထက်၊ Grade–12 မှ မသဉ္ဇာဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးတင်ငွေး ၉/ပဘန(နိုင်)၀၀၀၉၃၅ ဖြစ်ပါကြောင်း။

ဦးတင်ငွေး

**ပျောက်ဆုံးကြောင်း**

သန်းဆွေ(ဘ)ဦးစိန်မောင် ၉/မရတ(နိုင်)၀၇၄၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၇၇၇၆၂၂၇၆

**ပျောက်ဆုံးကြောင်း**

မြင့်လွင်ဦး(ဘ)ဦးမြစော ၁၄/ပတန(နိုင်)၁၂၀၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၀၅၃၅၇၇၀

**ပျောက်ဆုံးကြောင်း**

အိခိုင်(ဘ)ဦးဟန် ၃/ကဆက(နိုင်)၀၉၆၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၅၆၃၉၀၂၉

**ပျောက်ဆုံးကြောင်း**

နော်စတယ်လာချစ်(ဘ)ဦးစောအောင်ချစ် ၁၂/ဒဂဆ(နိုင်)၀၀၉၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၇၁၈၇၀၈၆

**ပျောက်ဆုံးကြောင်း**

အောင်မိုးဆန်း(ဘ)ဦးကျော်ဝေ ၉/ရမသ(နိုင်)၁၈၄၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဖြိုးဝေဖူး(ဘ)ဦးနန်းဝေ ၁၂/ခရန(နိုင်)၁၀၃၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာနေ တီနူးဒင်(ဘ)ဦးမရူနော် ၁၃/ကခန(နိုင်)၀၁၅၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 976284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၉၀၄၂၉၀၅

**ပျောက်ဆုံးကြောင်း**

ဝေယံထွန်း(ဘ)ဦးမျိုး ၇/ပခန(နိုင်)၃၉၀၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၆၀၈၅၆၄၉၈

**မိဘအမည်မှန်**

ညောင်လေးပင်မြို့နယ်၊ အထက(ခွဲ)သံတံတား၊ Grade–8 မှ ကျောင်းဝင်အမှတ်(၀၀၀၇)မောင်ကောင်းခန့်ဇော်၏မိဘအမည်မှန်မှာ ဦးမိုးကျော်နိုင် ၇/ညလပ(နိုင်)၀၇၈၇၈၅ နှင့် ဒေါ်အေးအေးခိုင် ၇/ညလပ(နိုင်)၁၅၁၅၆၁ ဖြစ်ပါကြောင်း။

ဦးမိုးကျော်နိုင်–ဒေါ်အေးအေးခိုင်

**ပျောက်ဆုံးကြောင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မောင်ဆိုင်းအောင်(ဘ)ဦးငွေးအောင်၁၂/မဂတ(နိုင်)၀၈၇၈၆၄ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၀၁၆၈၇၉၁၉

**ပျောက်ဆုံးကြောင်း**

လက်ပံတန်းမြို့၊ ဆင်တလင်းအုပ်စုနေ စောဆာအယ်ထူး(ဘ)ဦးစောအောလေ ၇/လပတ(နိုင်)၁၄၉၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၈၆၆၁၀၇၇၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သဃ်င်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်င်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်၊ ခွဲစိတ်ခန်းအတွင်းရှိ C–Arm(SN:31267)စက်၏ SG Cable & Hand Switch နှင့် ဓာတ်မှန်ဌာနရှိ MRI(1.5T)စက်၏ RFPA Module လဲလှယ်ခြင်းများအတွက်ဆောင်ရွက်နိုင်ပါရန် တရားဝင်အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် – ၁၄-၁၁-၂၀၂၅(သောကြာနေ့) နံနက်(၉:၀၀)နာရီ
တင်ဒါပိတ်မည့် ရက်နှင့်အချိန် – ၂၈-၁၁-၂၀၂၅(သောကြာနေ့) ညနေ(၄:၀၀)နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီး ရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၁၁-၇၄၀၀၆၊ ၀၁၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၁၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၁၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

မြစ်ကြီးနားမြို့နေ ဒေါ်အေးစိန်(ဘ)ဦးရွက်ခမ်းရီ ၁/မကတ(နိုင်)၀၁၆၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၃၄၀၂၉၁၅၄၀

**ပျောက်ဆုံးကြောင်း**

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၁)ရပ်ကွက်၊ အပိုင်း(၄)နေ မေသူထွန်း(ဘ)ဦးထွန်းစိုး ၈/တတက(နိုင်)၂၃၉၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၄၇၆၂၀၅၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ(၁၇)ရက်နေ့မှ (၂၆)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဆရာကောင်းက ဘယ်သူလဲခင်ဗျာ"

နုပ်။ "ဂေါတမဗုဒ္ဓတဲ့"

ညီ။ "သူက ဘယ်လိုဟောခဲ့သလဲခင်ဗျာ"

နုပ်။ "သတ္တဝါသည် ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံးတဲ့။ ကိုယ့်အကျိုးကို ရှေးဦးစွာ ကြည့်တတ်တယ်တဲ့"

ညီ။ "ဒီလိုဆို လူညံ့ချည်းပဲလားခင်ဗျာ"

နုပ်။ "ကိုယ့်အကျိုးကို နံပါတ်တစ်ထားပြီး သူ့အကျိုးလည်းပါအောင်ဆောင်ရွက်တဲ့လူက လူတော်ပဲ"

ညီ။ "ကျွန်တော်တို့ဆီမှာ တိုင်းပြည်အတွက် အသက်အသေခံပြီး ဆောင်ရွက်သွားတဲ့လူတွေ အများကြီးရှိပါတယ်ခင်ဗျာ"

နုပ်။ "နာမည်တစ်လုံးအတွက် လုပ်သွားတဲ့ရည်ရွယ်ချက်လည်း ပါမှာပေါ့"

ညီ။ "နာမည်တစ်လုံးအတွက် အသက်ကိုအသေခံပါ့မလားခင်ဗျာ"

နုပ်။ "ရှိတော့ ရှိပါတယ်လေ။ ရှားတော့ ရှားသပေါ့။ လူအမျိုးမျိုး၊ အကြိုက်အမျိုးမျိုးပေါ့ဗျ"

ညီ။ "ဘရားသားက ကတ်ကတ်သတ်သတ် နှိုက်စဉ်းစားထားတာကိုးခင်ဗျာ"

နုပ်။ "ကျုပ်အစွမ်းမဟုတ်ဘူးခင်ဗျာ။ ဆရာ့လမ်းညွှန်ချက်ပါ။ လူရူးမှတစ်ပါး ကိုယ့်အဖို့ တစ်ခုခုမရဘဲ ခက်ခက်ခဲခဲ ဘာမှမလုပ်ဘူးဗျ"

ညီ။ "ထားပါတော့ ဘရားသား။ ဗိုလ်ကျတယ်ဆိုတာ ပြောပါဦးခင်ဗျာ"

နုပ်။ "အမေရိကန်က ခင်ဗျားတို့နဲ့ကျတော့ ဗိုလ်လုတယ်တဲ့ဗျ။ သူ့ထက်နိမ့်ကျတဲ့ တိုင်းပြည်များအပေါ်မှာတော့ ဗိုလ်ကျချင်တယ်တဲ့ဗျ"

ညီ။ "ဘယ်လိုခြားနားသလဲခင်ဗျာ"

နုပ်။ "ရုရှားအစိုးရနှင့် ယှဉ်ပြိုင်ရတဲ့အလုပ်မျိုးမှာတော့ သူက ရမ်းရမ်းကားကားမလုပ်ဘူး။ ခင်ဗျားတို့က တိုင်းပြည်ကလေးတစ်ပြည်ကို ဒေါ်လာတစ်သန်းထောက်ပံ့ရင် သူတို့က နှစ်သန်းထောက်ပံ့မယ်။ ခင်ဗျားတို့က တစ်ဖက်ကိုအားပေးရင် သူတို့က တခြားတစ်ဖက်ကို အားပေးမယ်။ ဒီလိုအပြိုင်အဆိုင်လုပ်မှာပဲ။ စေတနာကောင်းရှိပါတယ်ဆိုတဲ့နေရာမှာ ခင်ဗျားတို့က သူတို့ထက်သာတယ်လို့ အထင်မခံနိုင်ဘူးဗျ။ ဒါကို ဗိုလ်လုတယ်လို့ခေါ်တယ်"

ညီ။ "ဗိုလ်ကျတာကကော ဘရားသား"

နုပ်။ "တရုတ်ပင်လယ်ထဲမှာ ခုနစ်နံပါတ် ရေတပ်ကြီးနဲ့ လမ်းသလားနေတယ်မဟုတ်လား။ အဲဒါက ဗိုလ်ကျတာတဲ့ဗျ။ သူ့ဘာသာသူ မတရားမှန်းတော့သိတာပဲ။ နို့ပေမဲ့ တရုတ်ထက် သူက ခွန်အားသာသေးတဲ့အခါမှာ မင်းတို့ ဘာတတ်နိုင်သေးလဲဆိုတဲ့သဘောနဲ့ အရမ်းလုပ်နေတာပဲဗျ။ ဒါကို ဗိုလ်ကျတယ်လို့ခေါ်တယ်။ ဖော်မိုဆာကိစ္စကို နမူနာတစ်ခုအနေနဲ့ တင်ပြခြင်းသာဖြစ်ပါတယ်။ အမေရိကန်က ဒီကိစ္စမျိုးတွေလုပ်နေတာ တော်တော်များပါတယ်။ ခင်ဗျားတို့လည်း တော်တော်အောင့်တယ်မဟုတ်လား"

ညီ။ "မတရားတာတွေကို မြင်ရတော့ မခံချင်ဘူးပေါ့ခင်ဗျာ"

နုပ်။ "မခံချင်ပေမယ့် စူးအက်တူးမြောင်းကိစ္စလို၊ ကျူးဘားကိစ္စတို့လို အလွန်အမြင်မတော်တဲ့ကိစ္စမျိုးကလွဲလို့တော့ စောင့်ကြည့်နေတာကပဲ တော်သေးတယ်ထင်တယ်ဗျာ"

ညီ။ "ဒီလိုဆို ခံရတဲ့တိုင်းပြည်တွေက ခံကြရော့လား ဘရားသား"

နုပ်။ "ကျွန်တော်မြင်ထားတာတော့ လွတ်မြောက်ဖို့ရာ နည်းလမ်းနှစ်ခုရှိပါတယ်လေ"

ညီ။ "ဘယ်လိုလဲခင်ဗျာ"

နုပ်။ "ဖော်မိုဆာလိုကိစ္စမှာတော့ တရုတ်က ခွန်အားချင်းမပြိုင်နိုင်သေးခင်ပေါ့ဗျ။ တရုတ်မှာ နျူကလီးယားလက်နက်မျိုးဖြစ်လာတဲ့ အချိန်ကျတော့ စကားဆိုလာလိမ့်မယ်ထင်တယ်။ တရုတ်က စကားဆိုနိုင်တဲ့အချိန်ကျတော့ အမေရိကန်က သူ့ဘာသာသူ မတရားမှန်းသိတဲ့ အတွက် အသာတကြည်ဆုတ်ခွာသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဗိုလ်ကျတယ်ဆိုတဲ့လူက မိမိက ခွန်အားသာတဲ့အခိုက်လောက်သာလုပ်ဝံ့တာဗျ။ သူသေ ကိုယ်သေဆိုရင် ဆုတ်ခွာတတ်တာပဲ"

ညီ။ "တရုတ်မှာ သူတို့နဲ့တူညီတဲ့ လက်နက်အင်အားမျိုးဖြစ်နိုင်ပါ့မလားခင်ဗျာ"

နုပ်။ "နျူကလီးယားလက်နက်ဆိုတာမျိုးကို တူညီနေဖို့မလိုပါဘူး။ အသေမခံဝံ့တဲ့ဘက်က ဆုတ်စတမ်းပဲ။ ကိုယ့်ဘာသာကိုယ် မတရားမှန်းသိတဲ့လူက အသေမခံတတ်ပါဘူးဗျ။ ဖော်မိုဆာကိစ္စမှာ တရုတ်က အမေရိကန်ထက် ဆယ်ပြန်အသေခံရစေ၊ အသေခံဖို့အသင့်ပဲလို့ ကျွန်တော်တွက်မိတယ်။ ဘာ့ကြောင့်ဆိုတော့ သူတို့ဘက်က လမ်းမှန်ပေတာကိုးဗျ။ သို့သော် ဖော်မိုဆာကိစ္စမျိုးမှာ ခင်ဗျားတို့က ဝင်ပြီးစကားဆိုလို့တော့ အမေရိကန်က မခံပေဘူးထင်တယ်။ ကျူးဘားနဲ့မတူဘူးဗျ။ ဖော်မိုဆာကိစ္စကတော့ အတော်ကြာနေလို့ အသားသေနေပြီမို့ ခင်ဗျားတို့က အသစ်ဝင်ပြီး လူစွာလုပ်တယ်လို့ သူတို့ယူဆတတ်တယ်။ ကျွန်တော်ပြောတာတွေက နိုင်ငံရေးအမြင်တော့မဟုတ်ဘူးဗျ။ လူ့စိတ်သဘာဝအကြောင်းကို ကျွန်တော် နားလည်သလောက်ပြောခြင်းပဲ"

ညီ။ "တရုတ်က နျူကလီးယားလက်နက်လုပ်ဖို့ထက် တခြားနည်းလမ်းမရှိဘူးလား ဘရားသား"

နုပ်။ "ရှိတယ်။ အဲဒါက ဒုတိယနည်းလမ်းပဲ။ ဒီနည်းကတော့ ခင်ဗျားတို့ဆရာကြီး ခရုရှော့ရဲ့လက်ထဲမှာရှိတယ်။ သူလုပ်ရင်တော့ ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ မလုပ်ချင်ရင်တော့ မပြောတတ်ဘူး"

ညီ။ "ဘယ်လိုလဲ ဘရားသား"

နုပ်။ "ကျွန်တော် ခုနက တစ်ပိုင်းတစ်စတော့ ပြောခဲ့ပြီးပါပြီ။ သူတို့က ခင်ဗျားတို့ကို အင်မတန်လန့်၊ အင်မတန်မယုံ၊ အင်မတန်မုန်းနေတယ်ဆို မဟုတ်လား"

ညီ။ "မုန်းတာကတော့ အရင်းရှင်စနစ်ကို ကျွန်တော်တို့က ဖြိုဖျက်နေတာကိုးခင်ဗျ"

နုပ်။ "ဖြိုဖျက်တာတော့ အနုနည်းနဲ့ ဖြိုဖျက်နိုင်ပါတယ်"

ညီ။ "ကျွန်တော်တို့က အကြမ်းဖက်လို့လား ဘရားသား"

နုပ်။ "လက်နက်နဲ့တော့ အကြမ်းမဖက်ပါဘူး။ နို့ပေမဲ့ သူတို့မုန်းအောင် ခင်ဗျားတို့က ခဏခဏပြောတယ်၊ လုပ်တယ်ဗျ။ လုပ်ခဲ့သမျှ အောင်မြင်မှုအတွက်လည်း ခင်ဗျားတို့က 'ငါကွ'ဆိုတဲ့သဘောမျိုးနဲ့ အင်မတန်အသားယူတယ်၊ ကြွေးကြော်တယ်ဗျ။ လူ့စိတ်ဆိုတာ ဘယ်လိုလဲလို့ ခင်ဗျားတို့ ကောင်းကောင်းနားမလည်ပါဘူး။ ကျွန်တော်နားလည်တာကတော့ ခင်ဗျားတို့အောင်မြင်မှုတွေထက် ခင်ဗျားတို့အသားယူတာတွေ၊ ကြွေးကြော်တာတွေ၊ ဟစ်တိုင်တက်တာတွေကို သူတို့က ပိုပြီး ခံပြင်းတယ်ဗျ။ ခင်ဗျားတို့လူစုက တစ်ဆိတ်ရှိ ဝတ္ထုပစ္စည်းချည်းထည့်ထည့်ပြောတယ်။ ဒီခေတ်က မာနခေတ်ဗျ။ ကိုယ့်မာနကို ထိလာရင် ဒေါ်လာတို့၊ ရူဘဲလ်တို့ကို ဒလဟောသွန်ပြီး သုံးနေကြတာကို ခင်ဗျားတို့ မြင်ကြသားပဲ။ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ် ပြိုင်ကြတာတော့ မှန်ပါတယ်။ အခုအချိန်မှာတော့ အမေရိကန်ဘက်က ခင်ဗျားတို့ကို မုန်းလွန်းလို့ ဘယ်လိုနည်းနဲ့ နိုင်ရ နိုင်ရ၊ ဘာစနစ် ဖြစ်ရ ဖြစ်ရ၊ နောက်ဆုံးမှာ ခင်ဗျားတို့ကို အရှုက်ခွဲရုံ လုပ်ရ လုပ်ရ အရမ်းလျှောက်လုပ်ချင်တဲ့ ဒေါသစိတ်တွေ ဖြစ်လာကုန်တတ်တယ်ဗျ။ ဖြစ်တုန်းကတော့ ငွေတစ်ရာလောက်တန်တဲ့ မြေကလေးတစ်မိုက်လောက်အတွက် စဖြစ်ကြပြီး နောက်ဆုံးမှာ နှစ်ဖက်စလုံး သောင်းကိုးထောင်မက ကုန်ကြရတဲ့ အမှုမျိုးတွေ ခင်ဗျားတို့ မကြားဖူးဘူးလား။ ခင်ဗျားတို့ အုပ်စုနှစ်ခုကို ကျွန်တော် ဒီလိုပဲမြင်လာပြီ"

ညီ။ "အရင်းရှင်စနစ်က စစ်ဖြစ်စေတတ်တယ်လို့ ဘရားသား နားမလည်ဘူးလား"

နုပ်။ "နားလည်ပါတယ်။ အရင်းရှင်စနစ်က သူတို့အချင်းချင်း လည်းပဲဖြစ်တတ်တယ်။ ဆိုရှယ်လစ်စနစ်နဲ့လည်း ဖြစ်တတ်တယ်။ သူတို့အချင်းချင်းတော့ လောဘကစပြီးဖြစ်တတ်တယ်။ ဆိုရှယ်လစ်စနစ်နဲ့ကျတော့ ဒေါသကစပြီး ဖြစ်နိုင်တယ်။ မာနကလည်း စပြီး ဖြစ်နိုင်တယ်။ ကားလ်မော့က်စ်က လောဘစစ်ကိုသာ သူပြသွားတယ်။ မာနစစ်မျိုးတော့ သူကြုံမသွားဘူး"

ညီ။ "ကျွန်တော်တို့ကော ကြုံရဦးမှာလား ခင်ဗျား"

နုပ်။ "ခင်ဗျားတို့အားလုံး သတိမထားရင် ကြုံနိုင်တယ်ဗျ"

ညီ။ "ဘယ်လိုသတိထားရမှာလဲခင်ဗျာ"

နုပ်။ "ယူတူးကိစ္စတုန်းကစပြီး အမေရိကန်က သူ့မာနကို ထိခိုက်တဲ့အတွက် အင်မတန်စိတ်ဆိုးနေတယ်။ ရှက်ရမ်းရမ်းချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ ဒီအထဲမှာ လူစုရာမှာလည်း ခင်ဗျားတို့ဘက်က အရေးသာသလိုဖြစ်နေတယ်။ ဒါကို သူမခံနိုင်ဘူး။ ရှက်ရမ်းရမ်းလိမ့်မယ်"

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ်၌ (၁၀၅)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပ

သထုံ နိုဝင်ဘာ ၁၃

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို နိုဝင်ဘာလ ၁၃ ရက်တွင် သထုံမြို့ အောက်ကျင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(အုတ်ဖိုတန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (အုတ်ဖိုတန်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းမာလာက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောဆွေးနွေးကာ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာစာအုပ်စာစောင်များ၊ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့



# ပျဉ်းမနားမြို့ရှိ “ရောင်နီဦး” ရတနာရွှေဆိုင်ကို သေနတ်ဖြင့်ထောက်၍ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့ရှိ “ရောင်နီဦး” ရတနာရွှေဆိုင်ကို နိုဝင်ဘာလ ၁၀ ရက်နေ့က သေနတ်ဖြင့်ထောက်၍ ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦး နှင့်အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးရမိ ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် “ရောင်နီဦး” ရတနာရွှေဆိုင်၌ ဆိုင်ပိုင်ရှင် ဒေါ်အေးအေး မွန်(၄၃)နှစ်နှင့်ဝန်ထမ်းဖြစ်သူ မချစ်ကဗျာ (၁၉)နှစ်တို့ရှိနေစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဆိုင်အတွင်းဝင်ရောက် လာပြီး အမျိုးသားက ဒေါ်အေးအေးမွန် အား သေနတ်(အတို)ဖြင့် နားထင်အား ထောက်၍ခြိမ်းခြောက်ကာ ရွှေထည် ပစ္စည်းများကို အိတ်အတွင်း ထည့်ခိုင်းစဉ် ဒေါ်အေးအေးမွန်က သေနတ်အား





ပျဉ်းမနားမြို့ရှိ “ရောင်နီဦး”ရတနာရွှေဆိုင်ကို သေနတ်ဖြင့်ထောက်၍ ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူ သန်းတိုးအောင်နှင့် ယမင်း(ခ)ရေဟန်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ပုတ်ထုတ်ခဲ့ရာ၎င်းအမျိုးသားကသေနတ်ဖြင့် ထု၍ လက်သီးဖြင့်ထိုးခဲ့ကြောင်း၊ အဆိုပါ အမျိုးသားနှင့်အတူ ပါလာသူ အမျိုးသမီးက ရွှေထည်ပစ္စည်းများ ထည့်ထားသည့် ဘူးတစ်ဘူးအား လုယက်ယူဆောင်စဉ် မချစ်ကဗျာက ပြန်လည်လုယူခဲ့ရာ အဆိုပါ အမျိုးသမီးမှ လက်သည်းဖြင့် ကုတ်ခြစ်ကာ တွန်းထုတ်၍ ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ဒုစရိုက်ပြစ်မှုကျူးလွန်သူများအား မလိုလားသည့် ပြည်သူများနှင့် အဆိုပါ ရပ်ကွက်အတွင်း ရောက်ရှိနေသည့် နယ်မြေလှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များက လိုက်လံဝိုင်းဝန်းဖမ်းဆီးခဲ့ရာ မင်္ဂလာရပ်ကွက်၊ ကေးလမ်းသွယ်(၁) လမ်းပေါ်၌ လုယက်မှုကျူးလွန်သူများဖြစ်ကြသည့် ရွှေပြည်သာမြို့နယ်၊ သိမ်ကျောင်းရွာနေ သန်းတိုးအောင်(၂၈)နှစ်နှင့်ပျဉ်းမနားမြို့၊ ရန်အောင်(၂) ရပ်ကွက်နေ ယမင်း(ခ) ရေဟန်(၂၅)နှစ်တို့ကို ၎င်းတို့ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် သေနတ်အတု ၂ လက်၊ အရိုး/အသွား ၇ လက်မခန့်ရှိ ခေါက်ဓား ၁ ချောင်း၊ CZI အမျိုးအစားဆိုင်ကယ် ၁ စီး၊ လက်ကိုင်ဖုန်း ၂ လုံး၊ ၎င်းတို့လုယက် ယူဆောင်သွားသည့် ရွှေလက်စွပ် ၁၃ ကွင်း၊ ရွှေနားကပ် ၈ ရံ၊ ရွှေဆွဲသီး ၁ ခု (ကာလ တန်ဖိုး ၄၆ သိန်းကျော်ခန့်)နှင့်အတူ ဖမ်းဆီး ရမိခဲ့သည်။

၎င်းတို့ လုယက်မှုကျူးလွန်စဉ် ထုနှက်၊ ထိုးကြိတ်၊ ကုတ်ခြစ်ခဲ့မှုကြောင့် ဒေါ်အေး အေးမွန်တွင် ဦးခေါင်းနှင့်မျက်နှာတို့တွင် လည်းကောင်း၊ မချစ်ကဗျာတွင် ဦးခေါင်း၌ လည်းကောင်း ဖူးရောင်ပွန်းခြစ်ဒဏ်ရာများ ရရှိခဲ့သဖြင့် ပျဉ်းမနားမြို့ခုတင်(၂၀၀) ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသူ များဖြစ်သည့် သန်းတိုးအောင်နှင့် ယမင်း(ခ) ရေဟန်တို့အား ပျဉ်းမနား မြို့မရဲစခန်း (ပ)၂၄၃/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်စစ်ဆေး၍ ထိရောက်သော ပြစ်ဒဏ်ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ဖမ်းဆီးရမိသူများနှင့်အတူ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



● **ကျောဖုံးမှအဆက်**

သောင်ရင်းမြစ်တစ်လျှောက်တွင် တရားမဝင် ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ပို့ဆောင်ရောင်းချခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်းစုံစမ်းသိရှိရသည်။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား (WY) ဆေးပြားဖမ်းဆီးရမိမှု အမှုပေါင်း ၃၂၅ မှု (ဆေးပြားပေါင်း ၂၅၇၈၉၆၁ ဒသမ ၅ ပြား)၊ ICE အမှုပေါင်း ၉ မှု (အလေးချိန် ၄၉၀၈ ဒသမ ၉၄၇၁ ဂရမ်)၊ ဘိန်းဖြူဖမ်းဆီးရမိမှု အမှုပေါင်း ၇ မှု (အလေးချိန် ၂၈၁၃၀၄ ဂရမ်)၊ ကက်တမင်း ဖမ်းဆီးရမိမှု အမှုပေါင်း ၁၉ မှု (အလေးချိန် ၃၅၇၃ ဒသမ ၃၂၂၅ ဂရမ်)၊ ဆေးခြောက်ဖမ်းဆီးရမိမှု အမှုပေါင်း ၃၁ မှု (အလေးချိန် ၁၈၅၅၁ ဒသမ ၇၁၇၁ ဂရမ်)၊ အက်တက်စီဆေးပြား ၉၇၂ ပြား၊ Tramadol ဆေးတောင့်ဖမ်းဆီးရမိမှု ၂ မှု၊ (ဆေးတောင့်ပေါင်း ၆၀၀၃၀ )နှင့် အမိုနီယမ်နိုက်ထရိတ် ဖမ်းဆီးရမိမှု (၅)မှု (အလေးချိန် ၁၁၈၂၅ ဒသမ ၁၅၉ ကီလိုဂရမ်ခန့်) တို့ကို ဖမ်းဆီးရမိ ခဲ့ကြောင်း မြဝတီခရိုင်ရဲတပ်ဖွဲ့မှသိရသည်။

ထို့ပြင်လက်နက်ခဲယမ်းများနှင့် ဆက်စပ် ပစ္စည်းများ ဖမ်းဆီးရမိမှုအနေဖြင့် ၉ မမ ပစ္စတိုသေနတ် ၄၈ လက်၊ AK –47 သေနတ် ၁၂ လက်၊ M–4 ကာဘိုင်သေနတ် ၆ လက်၊ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော သေနတ် ၂ လက်၊ AK –15 သေနတ် ၁ လက်၊ ၁၂ ဗို့ သေနတ် ၃ လက်၊ ၁၂ ဗို့ကျည်ဖြင့် ပစ်ခတ်ရသော သေနတ် ၂ လက်၊ ခြောက်လုံးပြူး သေနတ် ၂ လက်၊ ၉ မမကျည်ဖြင့် ပစ်ခတ်ရသော AK သေနတ် တစ်လက်၊ M–16 ၁ လက်၊ ဒသမ ၃၀၃ ရိုင်ဖယ် ၁ လက်၊ ဒသမ ၃၀ ကာဘိုင်သေနတ် ၁ လက်၊ လက်လုပ် သေနတ် ၁ လက်၊ လက်လုပ် စက်သေနတ် ၁ လက်၊ လက်လုပ် အာပီဂျီ ၁ လက် တို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဒသမ ၃၀ ကာဘိုင်ကျည် ၆၀၊ ၅ ဒသမ ၅၆ ကျည် ၁၇ တောင့်၊ ကိုးလုံး ကျည်ဖြင့် ပစ်ခတ်ရသောကျည် ၂၉ တောင့်၊ AK –15 ကျည် ၈၇ တောင့်၊ AK –47 ကျည် ၆၄ တောင့်၊ ၉ မမကျည် (ပစ္စတို) ၂၀၈၂ တောင့် ၊ ဒသမ ၃၈၀ ကျည် ၂၁၇ တောင့်၊ ဒသမ ၃၅၇ ကျည် ၇၅၀ ၊ ဒသမ ၃၈ ကျည် ၇၅၀ ၊ ၇ ဒသမ ၆၅ ကျည် ၅၀ ၊ M–16 ကျည် ၅၀၀ ၊ ၇၃ ခွင်းကျည် ၂ တောင့် ၊ M–4 ကျည် ၂၀၀ ၊ MK –12 ကျည် ၁၀၀ ၊ ၃၅၇ ကျည် ၂၀၀၊ ဒသမ ၃၈ Special ကျည် ၂ တောင့်၊ ၇ ဒသမ ၆၂ကျည် ၂ တောင့်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ အာပီဂျီဗုံးသီး ၃ လုံး၊ လက်လုပ် အီနာဂါဗုံးသီး ၁၇ လုံး၊ လက်လုပ်မိုင်း ၂ လုံး၊ ၄၀ မမ ဒုံးသီး ၅ လုံး၊ ရိုင်ဖယ်ပစ်ဗုံး ၅ လုံး၊ ၄၀ မမဗုံးသီး ၂၀ ၊ ဒီတိုနေတာ ၃၀၀၊ လက်ပစ် ဗုံး ၈ လုံး၊ ကိုးလုံးကျည်ဖြင့် ပစ်ခတ်ရသော ကျည်အိမ် ၂ ခု၊ AK–15 ကျည်အိမ် ၇ ခု၊ AK–47 ကျည်အိမ် ၁၃ ခု၊ ၉ မမ ကျည်အိမ် (ပစ္စတို) ၅၂ ခု၊ ၁၂ ဗို့ ကျည်အိမ် ၉ ခု၊ M–4 ကျည်အိမ် ၁၇ ခု၊ ကျည်အိမ်မျိုးစုံ ၁၇ ခု၊ ၃၈၀ ကျည်အိမ် ၁ ခု၊ M–12 ကျည်အိမ် ၁ ခု၊ MA ကျည်အိမ် ၄ ခု တို့ကို ဖမ်းဆီးရမိခဲ့ ကြောင်းသိရှိရသည်။ **မြဝတီ**

# ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၇ ကီလိုကျော်နှင့် စိတ်ကြွဆေးပြား ၇ သိန်းကျော် ဖမ်းဆီးရမိ


**နေပြည်တော် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမှ ကချင်ပြည်နယ်၊ ဝိုင်းမော်သို့သယ်ဆောင် ရောင်းဝယ်မည့် ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၇ ကီလိုကျော်နှင့်စိတ်ကြွဆေးပြား ၇ သိန်း ကျော် သယ်ဆောင်လာသည့် မော်တော် ယာဉ်တစ်စီးအား လုံခြုံရေးတပ်ဖွဲ့ဝင် များက အောက်တိုဘာလ ၃၀ ရက် မွန်းလွဲ ပိုင်းတွင် ဝိုင်းမော်မြို့နယ်၊ နတ်မြစ်ခတံတား အနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရှိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည်အောက်တိုဘာလ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၃၀ မိနစ်ခန့်တွင် ဝိုင်းမော်မြို့နယ်၊ နတ်မြစ်ခတံတားအနီး၌ သတင်းအရ စောင့်ဆိုင်းစဉ် လထော်နန် အောင်(ဘ) ဦးလထော်ပေါလု မောင်းနှင်ပြီး ဇခုန်ဒန်ရိန်(ဘ) ဦးဇခုန်ထွန်းဒန် လိုက်ပါ လာသော TOYOTA HILUX REVO မော်တော် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၄၇ ဒသမ ၅၂ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၈၈ ဘီလီယံ)နှင့် စိတ်ကြွဆေးပြား ၇ ဒသမ ၈ သိန်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၇ ဘီလီယံ) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၅၈ ဘီလီယံတန်ဖိုးရှိ မူးယစ် ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရ သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီး ရမိမူးယစ်ဆေးဝါးများအား သယ်ဆောင် ခိုင်းသူမှာ နမ့်ခမ်းမြို့နယ်နေ ခေါင်ဒေါင် (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား နမ့်ခမ်းမှ ဝိုင်းမော် သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိ၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းသတင်း ရရှိသည်။

(၁၀၀)



တရားခံ လထော်နန်အောင် နှင့် ဇခုန်ဒန်ရိန် တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၉၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

❖ ငြိမ်းချမ်းရေးဆိုတာ ပုံမှန်သတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှ တစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံးတွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီတာဝန်ရှိကြတာပဲဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သင်တန်းဆင်းပွဲများကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံသားတိုင်းသည်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)

**စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

## အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီနှင့်ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၂၄)နှင့်(၂၆)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးနှင့်လက်နက်ခဲယမ်းဖမ်းဆီးရမိမှုများ

နေပြည်တော် နိုဝင်ဘာ ၁၃

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြို့ဝတီမြို့နယ်အတွင်း ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်ထိ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၂၅၆ မှု၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၃၄၇ မှု၊ လက်နက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၈၆ မှုကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများအား ထိုင်းကုန်သည်များက လက်နက်ကိုင်အဖွဲ့အစည်းများ၏

**စာမျက်နှာ ၃၀ ကော်လံ ၁ ●**



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ဖမ်းဆီးရမိသူများနှင့်အတူ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။


**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ** စာ – ၂၈ သို့

**ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၇ ကီလိုကျော်နှင့် စိတ်ကြွဆေးပြား ၇ သိန်းကျော် ဖမ်းဆီးရမိ** စာ – ၃၀ သို့

**ပျဉ်းမနားမြို့ရှိ “ရောင်နီဦး” ရတနာရွှေဆိုင်ကို သေနတ်ဖြင့်ထောက်၍ခြိမ်းခြောက်ကာ လုယက်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိ** စာ – ၃၀ သို့



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှုနှင့် မြဝတီဘဏ်

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

MPU

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378